မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၈၇)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေး ကောင် စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မြိတ်မြို့ အစိုးရ နည်းပညာကောလိပ် တည်ဆောက်မည့်နေရာနှင့် ပတ်ဝန်းကျင် အနေအထားကိုကြည့် ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေချင်စဖွယ် မြိတ်မြို့သစ် စနစ်တကျတည်ဆောက်

မြိတ်မြို့နှင့် ဆက်စပ်နေသည့် ကျွဲကူး-ကျောက်ဖျာ တံတား ကျောက်ဖျာဘက် ကမ်း ရွေးချယ်ထားသည့် မြို့သစ်နေရာ၌မြို့ပြစီမံကိန်း များနှင့်အညီ သာယာလှပ၍ နေချင်စဖွယ်ကောင်းသည့် မြိတ်မြို့သစ် ဖြစ်လာအောင် တစ်ဆင့်ပြီးတစ်ဆင့် စနစ် တကျတည်ဆောက်။

ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးရေး မြို့သစ်ဖြစ်အောင် ကူညီစောင့်ရှောက် နေရေးထိုင်ရေးအဆင်ပြေပါက စားရေးဝတ်ရေးလည်း အဆင်ပြေသွားမည် မြို့ပြစီမံကိန်းနှင့်အညီ နေချင်စဖွယ် မြိတ်မြို့သစ်ဖြစ်ရေး စနစ်တကျတည်ဆောက်

ရန်ကုန် မေ ၄

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မေ ၃ ရက် နံနက်ပိုင်းတွင် မြိတ်မြို့သစ် ဖော်ထုတ်ရေးစီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၅ ရက်)

နိုင်ငံတော်ကထားရှိသည့် စေတနာကို နားလည်သိမြင် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံကဏ္ဍစုံမှ လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ရှိရှိ မနားမနေ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

“နိုင်ငံတော်အစိုးရဟာ မိဘသဖွယ် မိမိရဲ့သွေးသားတွေဖြစ်တဲ့ တိုင်းရင်းသားများ ကောင်းစားရေး၊ တိုင်းရင်းသားများရဲ့ အနာဂတ်ကောင်းမွန်ရေးအတွက် ဘက်စုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိတယ်။ မည်သည့်တိုင်းရင်းသား သားသမီးမဆို သာစေနာစေဆိုတဲ့ ခွဲခြားစိတ်မရှိ သားသမီးအားလုံးကို ဆင်စီးမြင်းရံစေချင်တာ အမှန်ပဲဖြစ်တယ်”

ဟူ၍ တိုင်းရင်းသားလူမျိုးအားလုံးအပေါ် နိုင်ငံတော်၏ ထားရှိသည့် ဖြူစင်သော စေတနာအရင်းခံကို မိန့်ဆိုခဲ့သည်။

ပြည်ထောင်စုကြီးအတွင်းရှိ ပြည်နယ်တစ်ခုဖြစ်သည့် ကရင်ပြည်နယ် ဘားအံမြို့၌ ဒေသခံကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်နည်းပညာများကို သင်ယူနိုင်ရန်အတွက် ဧပြီလ ၃ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည့် အစိုးရနည်းပညာကောလိပ်(ဘားအံ) ပင်မသုံးထပ်ကျောင်းဆောင် ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌–

“တိုင်းပြည်ကို စနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုသို့ အောင်မြင်ချောမွေ့စွာ ကူးပြောင်းနိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများနှင့်အတူ လိုအပ်သည့်အခြေခံများ ပြည့်စုံအောင် အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရသည် ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြဲနိမ့်မြင့် ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး ပြည်နယ်၊ တိုင်းအားလုံး တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရမည်၊ တိုင်းရင်းသား ညီအစ်ကိုအားလုံး ကျောသားရင်သား မခွဲခြားဘဲ တိုးတက်စေရမည် ဆိုသည့် မှန်မြတ်သောရည်မှန်းချက်ဖြင့် အမြဲအလေးထား လုပ်ကိုင်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း”

ပြောကြားသွားသည်။

တိုင်း(၇)တိုင်း၊ ပြည်နယ်(၇)ပြည်နယ်တို့ဖြင့် ဖွဲ့စည်းတည်ရှိနေသော ပြည်ထောင်စုကြီးတစ်ရပ်လုံး တင်းပြည့်ကျပ်ပြည့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က အလေးထား လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိရာတွင် ကရင်၊ ဗမာ၊ မွန်၊ ရှမ်း၊ ပအိုဝ်း၊ ကချင်၊ ကယား၊ ရခိုင် စသော တိုင်းရင်းသားလူမျိုးများစုပေါင်းနေထိုင်သည့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အခြားပြည်နယ်နှင့် တိုင်းများနည်းတူ ဖိဖိစီးစီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ကရင်ပြည်နယ်သည် ရန်ကုန်မြို့တော်နှင့် အလှမ်းမဝေးသော်လည်း လက်နက်ကိုင်သောင်းကျန်းမှုဒဏ်အပါအဝင် လူမှုဒုက္ခအမျိုးမျိုးကြောင့် နှစ်ကာလရှည်ကြာစွာ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးရသည့် ပြည်နယ်တစ်ခု ဖြစ်ခဲ့သည်။ ထို့ကြောင့် အခြားပြည်နယ်၊ တိုင်းများနှင့် တန်းတူရည်တူ အမီလိုက်နိုင်စေရေးအတွက် ကရင်ပြည်နယ် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ကရင်ပြည်နယ်သည် အိမ်နီးချင်းနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသည့် ပြည်နယ်ဖြစ်သည့်အတွက် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးမှုအားကောင်းစေရန် အထူးလိုအပ်ပေသည်။ သို့မှသာ ပြည်နယ်၏ အမျိုးသားရေးဂုဏ်သိက္ခာ၊ အမျိုးသားရေးစွမ်းအား ခိုင်မာတိုးတက် တောက်ပြောင်လာမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ကရင်ပြည်နယ်၏ပညာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိရာ ပြည်နယ်အတွင်းမှ ပေါ်ထွက်လာသည့် လူ့စွမ်းအားအရင်းအမြစ် ပညာတတ်များက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားရေးတို့ကို ဖိဖိစီးစီးဖော်ဆောင်သွားနိုင်မည် ဖြစ်သည်။ ထို့နောက် ဒေသ၏အကျိုးနှင့် ပြည်ထောင်စုကြီး၏အကျိုးကို ဆက်လက်ချိတ်ဆက် အကောင် အထည်ဖော်သွားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးတစ်ခုလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသည့် နိုင်ငံတော်၏ စေတနာအပြည့်ထား ဆောင်ရွက်ပေးနေမှုများကို တိုင်းရင်းသားပြည်သူအားလုံး နားလည် သိမြင်ပြီး မိမိတို့ပြည်နယ်/တိုင်း ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီးတစ်ခုလုံး အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုး တိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက် ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေပြည်သာမြို့နယ် မလွန်ဆန်လှူဓမ္မသဘင်

ရန်ကုန် ဧပြီ ၄

ရွှေပြည်သာမြို့နယ် မလွန်ဆန်လှူ သင်းထောက်အဖွဲ့၏ (၁၂)ကြိမ်မြောက် မလွန်ဆန်လှူရေစက်ချဓမ္မသဘင်ကို ညစဉ် ၇နာရီမှစ၍ ရွှေပြည်သာ မြို့နယ်၊ ထ–၁၆ရပ်ကွက် မြို့ပတ်လမ်း မလွန်ဆန်လှူဓမ္မသဘင်ကြီးတွင် ဧပြီ ၅ရက်ညတွင် ဘဏ္ဍာဒီပ ဦးဇဋိလ (မဟာဓမ္မကထိက၊ ဗဟုဇနဟိတရေ)၊ ဧပြီ ၆ရက်ညတွင် မလွန်နယ်လှည့် ဓမ္မကထိကဆရာတော် ဦးခေမာသီရိလင်္ကာရ (သီတဂူကြာ တစ်ပွင့်)၊ ရွှေပြည်ဟိန်းဆရာတော် များက ၁၄ည တိုင်တိုင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည် ဖြစ်သည်။ ဓမ္မမိတ်ဆွေများ တရားနာကြွရောက်ကြပါရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ပေးအပ်ချီးမြှင့်

မတ် ၃၁ရက်က တာမွေမြို့နယ် အမှတ် (၁၈)အခြေခံပညာမူလတန်းကျောင်း၏ သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲအခမ်းအနားတွင် စတုတ္ထတန်း(ခ)မှ မောင်သုတအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဆွေက သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

တံတားဦးမြို့နယ် ကျောက်တန်းကျေးရွာ၌ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့် ရရှိမည့် ဓာတ်အားခငွေများ ကျေးရွာဖွံ့ဖြိုးရေး ငွေပဒေသာပင်စိုက်ထူသုံးစွဲမည်

ရန်ကုန် ဧပြီ ၄

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုလျက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏စီစဉ်မှုဖြင့် တံတားဦးမြို့နယ် ကျောက်တန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ခမည်းတော် ဦးဘအုန်းနှင့် မယ်တော်ဒေါ်သိန်းမယ်တို့အမှူးထား၍ အမေရိကန်နိုင်ငံ နယူးယောက်မြို့ မြန်မာအမေရိကန်မစိုးရိမ်ကျောင်းတွင် သီတင်းသုံးသာသနာပြုလျက်ရှိသည့် ဆရာတော်ဦးဉာဏိန္ဒ၏ လှူဒါန်းငွေကျပ် ၄၇သိန်းဖြင့် ဆောင်ရွက်ခဲ့သည့် ကျောက်တန်းကျေးရွာ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အား ပေးစက်ရုံသစ်ဖွင့်ပွဲကို မတ် ၂၅ရက်နံနက် ၇နာရီခွဲက အဆိုပါစက်ရုံတည်နေရာ၌ ကျင်းပရာ အခမ်းအနားသို့ ကျောက်တန်းကျေးရွာဇာတိ အလှူရှင်ဆရာတော် ဦးဉာဏိန္ဒကြွရောက်တော်မူပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်း၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများတက် ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ အလှူရှင်၏အစ်ကိုဖြစ်သူ ဦးလှမြိုင်နှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ရွှေတို့က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမဲ့ဆေးဝါးကုသပေး

အလှူရှင်ဆရာတော် ဦးဉာဏိန္ဒသည် ၎င်း၏ဇာတိ ကျောက်တန်းကျေးရွာ၌ ရေတွင်းရေကန်၊ ရွာဦးဘုရားရင်ပြင်၊ မုခ်ဦး၊ တံတား၊ ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၊ ကျေးရွာဆေးပေးခန်း၊ ကျေးရွာစာကြည့်တိုက်တို့ကို စုစုပေါင်းအလှူငွေကျပ် သိန်း ၅၀၀ မတည်လှူဒါန်းခဲ့ပြီး ဆေးပေးခန်း၌ ဆရာဝန်နှစ်ဦးနှင့် သူနာပြုတစ်ဦး ငှားရမ်းထား၍ အနီးပတ်ဝန်းကျင် ကျေးရွာခြောက်ရွာမှ ပြည်သူများအား အခမဲ့ ဆေးဝါးကုသပေးလျက်ရှိသည်။

ယခုဖွင့်လှစ်သည့် ဇီဝဓာတ်ငွေ့စက်ရုံမှ လျှပ်စစ်မီးရရှိသဖြင့် ပြန်လည်ရရှိမည့် ဓာတ်အားခငွေများအား ကျေးရွာဖွံ့ဖြိုးရေး ငွေပဒေသာပင်အဖြစ် စိုက်ထူသုံးစွဲမည်ဖြစ်ကြောင်းနှင့် ကျောက်တန်းကျေးရွာ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ ကျောက်တန်း၊ မိတ္တီလာ၊ တန်းပေါက်ကုန်းကျေးရွာသုံးရွာရှိ အိမ်ခြေ ၂၂၉လုံးနှင့် ကျေးရွာရှိဘုရားစေတီများ၊ လမ်းများ၊ စာသင်ကျောင်း၊ စာကြည့်တိုက်နှင့် ဆေးပေးခန်းတို့ကို နေ့စဉ်မီးပေးဝေဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၅–၄–၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာသကြီန်
- ၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ **“မမှောင်သောအလင်း”** (အပိုင်း–၁၃)
- ၅:၃၀ ၉။ မြန်မာသကြီန်
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ငယ်ချစ်ဦး”**(အပိုင်း–၂၈)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ကျန်းမာသုတအစီအစဉ်
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး”** (အပိုင်း–၁၅)



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် (Chief of General Staff) Senior Lieutenant General, Phung Quang Thanh နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် (Chief of General Staff) Senior Lieutenant General, Phung Quang Thanh နှင့်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Pham Van Cu၊ စစ်သံမှူး Sr. Colonel, Nguyen Van Thanh တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

စပိန်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

ရန်ကုန် ဧပြီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စပိန်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာ ဟိုစေ၊ ယူဂျီနီယို၊ ဆာလာ ရစ်ချ်၊ ဖာနန်ဒက်ဇ်၊ ဒီ၊ ဗာလ်ဒေရာမာ၏နေရာတွင် မစ္စတာ ဟွမ်၊ မန်နျူရယ်၊ လိုပက်စ်၊ နေဒယ်လ်အား ခန့်အပ်ရန် စပိန်နိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီး ဖြစ်သည်။

တာဝန်ထမ်းဆောင်

မစ္စတာ ဟွမ်၊ မန်နျူရယ်၊ လိုပက်စ်၊ နေဒယ်လ်သည် ၁၉၅၁ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ဘာစီလိုနာတက္ကသိုလ်မှ ဥပဒေပညာနှင့် သတင်းစာပညာ မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ဘယ်လ်ဂျီယံနိုင်ငံ ဥရောပကောလိပ်မှ ဥရောပရေးရာ အဆင့်မြင့်လေ့လာမှု ဒီပလိုမာဘွဲ့ကို လည်းကောင်းရရှိခဲ့သည်။ ၎င်းသည် ၁၉၈၀ပြည့်နှစ်တွင် စပိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်အလုပ်ဝင်ရောက်ခဲ့ပြီး ယင်းဝန်ကြီးဌာန၌ လည်းကောင်း၊ ပေကျင်းမြို့၊ ဂျကာတာမြို့၊ ကျူးနစ်စ်မြို့၊ နယူးဒေလီမြို့၊ ဗန်ကောက်မြို့၊ လစ္စဘွန်းမြို့၊ ကာဘူးလ်မြို့၊ ကိုပင်ဟေဂင်မြို့များရှိ စပိန်သံရုံးများတွင်လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

ပူးတွဲထမ်းဆောင်

မစ္စတာ ဟွမ်၊ မန်နျူရယ်၊ လိုပက်စ်၊ နေဒယ်လ်သည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲထမ်းဆောင်မည်ဖြစ်သည်။

(သတင်းစဉ်)

ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်း ကျောင်းတိုက် ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ်ကွက် ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ၁၀ ရက်တရားစခန်းပွဲကို ကျေးဇူးရှင် မူလကသစ်ဝိုင်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇာနေယျ(ဓမ္မာစရိယ) ဦးဆောင်၍ ဘဒ္ဒန္တ ဥတ္တရဝံသ ဘဒ္ဒန္တဇာနိဿရ၊ ဘဒ္ဒန္တဥာဏောဘာသ၊ ဘဒ္ဒန္တဥက္ကဋ္ဌ တို့က ဧပြီ ၉ ရက်မှ ၁၈ ရက်အထိ ဝိပဿနာ တရားများကို ဟောကြားပြသပို့ချမည်ဖြစ်သည်။

တရားအားထုတ်လိုသူ ယောဂီသူတော်စင်များသည် ဧပြီ ၉ ရက်နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဆွမ်းအလှူဒါန ပြုလုပ်လိုသူများအနေဖြင့် ဖုန်း- ၆၉၉၁၆၃၊ ၆၃၅၉၇၆နှင့် ၀၉-၅၀၁-၁၂၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် (Chief of General Staff) Senior Lieutenant General, Phung Quang Thanh အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကိုရီးယား-မြန်မာစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဧပြီ ၄

ကိုရီးယားသမ္မတနိုင်ငံ Korea Impoter Association (KOIMA) မှ ဥက္ကဋ္ဌ Mr. Soon Han Kwon ခေါင်းဆောင်၍ အဖွဲ့ဝင် ၂၈ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဧပြီ ၇ ရက်မှ ၉ ရက်အထိ လာရောက်ပြီး မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၈ရက် နံနက် ၉ နာရီတွင် ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ကိုရီးယားကိုယ်စားလှယ်အဖွဲ့ဝင်များသည် စီးပွားရေးလုပ်ငန်းများအလိုက် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူစီးပွားရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရန် လာရောက်ကြခြင်းဖြစ်ရာ မြန်မာစီးပွားရေးလုပ်ငန်းရှင်များက မိမိတို့၏ စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ရရှိရေးတို့အတွက် ကိုရီးယားကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် တစ်ဦးချင်း စီးပွားရေးလုပ်ငန်းတွေ့ဆုံ ဆွေးနွေးမှုများပြုလုပ်ကြမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ကြမည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် သတ်မှတ်ထားသော ပုံစံတွင်ဖြည့်စွက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အမှတ် ၅၀၄/၅၀၆ ကုန်သည်လမ်း ကျောက်တံတားမြို့နယ်သို့ ဧပြီ ၆ ရက်နောက်ဆုံးထား၍ ပေးပို့ရမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် သမ္မတ ခါတာမီနှင့် ဂျက်ရှီရက်ဆွေးနွေးမည်

ပါရီ ဧပြီ ၂

ပြင်သစ်သမ္မတ ဂျက်ရှီရက်သည် လာမည့်အင်္ဂါနေ့တွင် အီရန်သမ္မတ မိုဟာမက်ခါတာမီနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး အယ်လ်ဂျီးရီးယားသမ္မတ အဗ္ဗဒယ်လာဇစ်ဘူတီဖလီကာနှင့် ယူနက်စကိုဌာနချုပ်ရှိ နိုင်ငံတကာ ညီလာခံ၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဒေသလူထုဆက်သွယ်ရေးသတင်းက သောကြာနေ့၌ ဖော်ပြခဲ့သည်။

လူထုဆက်သွယ်ရေးသတင်းအရ ရှီရက်သည် နျူကလီးယားကိစ္စနှင့်ပတ်သက်၍ခါတာမီနှင့်အင်္ဂါနေ့ နေ့လယ်ပိုင်းတွင် သမ္မတ၏ အယ်လ်ဆေးနန်းတော်၌ ဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

သက်ံမကင်း

ပြင်သစ်၊ ဂျာမနီနှင့် ဂရိတ်၊ ဗြိတိန်တို့သည် အီရန်နိုင်ငံ၏ ယူရေနီယံကြွယ်ဝရေး လုပ်ဆောင်ချက်များ ရပ်တန့်စေရန်အီရန်နှင့်စေ့စပ်ဆွေးနွေးခဲ့ကြသည်။ ထိုသို့ရပ်တန့်ပါက အပြန်အလှန်အားဖြင့် ကုန်သွယ်ရေး၊ နည်းပညာနှင့် လုံခြုံရေးတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဟုဆိုသည်။အီရန်နိုင်ငံသည်အဏုမြူလက်နက်များထုတ်လုပ်နေကြောင်းအမေရိကန်ပြည်ထောင်စုက သက်ံမကင်း ဖြစ်ထားသည်။

ပြောဆို

ဗုဒ္ဓဟူးနေ့၌ သမ္မတ ခါတာမီက အီရန်နိုင်ငံသည် ယနေ့ရပ်ဆိုင်းထားသောယူရေနီယံကြွယ်ဝရေးလုပ်ဆောင်ချက်များကို ဆက်လုပ်ရန် အစဉ်ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ၏ အိုးရှင်းအမှတ်(၁) သုတေသနသင်္ဘောသည် ပစိဖိတ်၊ အတ္တလန္တိတ်နှင့် အိန္ဒိယသမုဒ္ဒရာတို့တွင် သုတေသနလုပ်ငန်းများဆောင်ရွက်ရန် ရှန်ဟဲ့ပြည်နယ်ရှိ ကျင်တောင်းဆိပ်ကမ်းမှ ဧပြီ ၂ရက်က ထွက်ခွာသွားသည်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လက်ဖက်ခြောက်ထွက်ရှိမှု နှစ်ဆတိုးစေရန် ကျွမ်းကျင်ပညာရှင်များ မျှော်မှန်းထား

ဒါကာ ဧပြီ ၁

ဘင်္ဂလားဒေ့ရှ် ကျွမ်းကျင်သိပ္ပံပညာရှင်များသည် လက်ဖက်ခြောက်အမျိုးမျိုး အထွက်မြင့်မားစေရန် ဆောင်ရွက်ထားပြီး ဆယ်စုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လက်ဖက်ခြောက်ထွက်ရှိမှု နှစ်ဆတိုးရန် မျှော်မှန်းထားသည်။

ဘင်္ဂလားဒေ့ရှ်သိပ္ပံပညာရှင်များသည် ပြည်တွင်းဖြစ်ထွန်းနှုန်းနိမ့်သော လက်ဖက်ခြောက်ပင်မျိုးနှင့် အိန္ဒိယမှ အထွက်နှုန်းမြင့်သည့်လက်ဖက်ခြောက်ပင်မျိုးတို့ကို အောင်မြင်စွာ မျိုးစပ်ထားကြောင်းဘင်္ဂလားဒေ့ရှ်လက်ဖက်ခြောက်သုတေသနဌာန (ဘီတီအာရ်အိုင်) အရာရှိတစ်ဦးက ပြောကြားသည်။ ထိုလုပ်ငန်းကို စိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင်များသည် ရှစ်နှစ်ကြာ ဆောင်ရွက်ခဲ့ရကြောင်း၊ ဘီတီ ၁၆ မျိုးစိတ်သစ်များသည် များစွာတိုးတက်မှုရှိကြောင်း၊ မျိုးပွားလက်ဖက်ခြောက်ပင် ဟက်တာ အသီးသီးတွင် လက်ဖက်ခြောက်ကီလို ၃၀၀၀မှ ၄၀၀၀အထိ ထွက်ရှိနိုင်ကြောင်း၊ လက်ရှိ အထွက်နှုန်း၏ နှစ်ဆခွဲမျှဖြစ်ကြောင်း ဘီတီအာရ်အိုင်အရာရှိကပြောကြားသည်။

မျိုးပွားလက်ဖက်ခြောက်ပင်အမျိုးမျိုးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လက်ဖက်ခြောက်ထွက်ရှိမှုကို လက်ရှိကီလို ၅၄ သန်းမှ ကီလိုသန်း ၁၂၀ ထိ နှစ်ဆထွက်ရှိစေနိုင်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လက်ဖက်ခင်း ပိုင်ရှင် ၆၄ ဦးသည် အဆိုပါ မျိုးပွား လက်ဖက်ခြောက်ပင် အမျိုးမျိုးကို ဖြည်းဖြည်းချင်း စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

၁၉၉၀ပြည့်နှစ်များအတွင်းဘင်္ဂလားဒေ့ရှ် နိုင်ငံသည် ကမ္ဘာ့လက်ဖက်ခြောက်အများဆုံးတင်ပို့သည့် နိုင်ငံများတွင် ပါဝင်ခဲ့ပြီး ကမ္ဘာ့လက်ဖက်ခြောက်တင်ပို့မှု၏ နှစ်ရာခိုင်နှုန်းကို တင်ပို့ခဲ့သည်။ ထိုသို့ဆိုသော်လည်း ပြည်တွင်း သုံးစွဲမှုမြင့်မားလာသဖြင့် တင်ပို့မှုသည် စတင်ကျဆင်းခဲ့ရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌လက်ဖက်ခြောက် သုံးစွဲမှုသည် တစ်နှစ်လျှင် သုံးရာခိုင်နှုန်းတိုးလာလျက်ရှိသော်လည်း ထုတ်လုပ်မှုသည် တစ်ရာခိုင်နှုန်းသာ တိုးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်ဆေးဝါးဆိုင်ရာ နိုင်ငံတကာညီလာခံ မကာအို၌ဖွင့်လှစ်

မကာအို ဧပြီ ၂

တရုတ်နိုင်ငံ၏ မကာအိုအထူးအုပ်ချုပ်ရေးဒေသ(အက်စ်အေအာရ်)တွင် တရုတ်ဆေးဝါးဆိုင်ရာ နိုင်ငံတကာညီလာခံကို သောကြာနေ့က ဖွင့်လှစ်ခဲ့ရာ ပညာရှင် ၁၀၀ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

သုံးရက်ကြာကျင်းပမည့် ယင်းညီလာခံ၌ အထောက်အထားအခြေခံ တရုတ်ဆေးဝါးကို အဓိကထားဆွေးနွေးမည်ဖြစ်သည်။ ကျွမ်းကျင်ပညာရှင်များသည် အထောက်အထားအခြေခံ တရုတ်ဆေးဝါး၏ အထောက်အထား အကိုးအကားပိုကောင်းစေရန်အတွက် အဓိကကျသော မိန့်ခွန်းများကို ပြောကြားကြမည်ဟု ဆိုသည်။

အသစ်ဖြစ်ထွန်း

တရုတ်ဆေးဝါးကို အဆင့်အတန်းစံချိန်စံညွှန်းကိုက်မီရေးလုပ်ဆောင်နေကြောင်း၊ ခေတ်မီနည်းစနစ်ပေါင်းစပ်ခြင်းဖြင့် ရာစုနှစ် သက်တမ်းရှိ ရိုးရာဆေးပညာသည် အသစ်ဖြစ်ထွန်းလာကြောင်း အခမ်းအနားဖွင့်ပွဲ၌ မကာအို အက်စ်အေအာရ် အမှုဆောင်ချုပ် ဟိုဟောဝါက ပြောကြားသည်။

တိုးမြှင့်လုပ်ဆောင်

တရုတ်ဆေးဝါးသည် မကာအိုတွင် မျိုးဆက်အဆင့်ဆင့်ဖြစ်ထွန်းခဲ့ကြောင်း ၎င်းကပြောကြားသည်။ ထို့ပြင် သုတေသနလုပ်ခြင်းနှင့် ထုတ်လုပ်ခြင်းကို တိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် တရုတ် ဆေးဝါးလုပ်ငန်းအတွက် စကြီ တစ်ခုအဖြစ် မကာအိုက ကိုယ်တိုင် ထူထောင်သွားလိုကြောင်းလည်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆာမာရာရှိ ရှေးဟောင်းအဆောက်အအုံ ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီး

တီကရစ် ဧပြီ ၃

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ဆာမာရာမြို့တွင် ရှေးဟောင်းအဆောက်အအုံတစ်ခု၏ထိပ်ပိုင်း၌ သောကြာနေ့က ပေါက်ကွဲမှုဖြစ်ခဲ့ရာပျက်စီးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အမည်မဖော်ပြနိုင်သော ခုခံတိုက်ခိုက်ရေးသမားများက ဗုံးကို ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

ပြောကြား

အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ဗုံးကို တိုက်ခိုက်ရေးသမားများက အဆောက်အအုံ၏ထိပ်ပိုင်း၌ ထောင်ထားခဲ့ကြောင်း သတင်းရပ်ကွက်က ပြောကြားသည်။

အဆိုပါရှေးဟောင်းအဆောက်အအုံနှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် လွန်ခဲ့သည့် နှစ်ပတ်အထိတိုင် နေရာယူထားခဲ့ကြသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဆာမာရာမြို့၌ ဧပြီ၁ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ရှေးဟောင်း အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဦးနှောက်ပျက်စီးမှုကြောင့် ဆေးကုသမှုခံခဲ့သူ အမျိုးသမီး အစာပြွန်ဖယ်ရှားပြီး နှစ်ပတ်နီးပါးအကြာ၌သေဆုံးသွား

ပင်နယ်လ်လက်စ်ပတ်ခ် ဧပြီ ၂

ဦးနှောက်ထိခိုက်မှုကြောင့် ဆေးကုသမှုခံယူခဲ့သော တယ်ရီဆက်ချ်ရှီဗို (၄၁)နှစ်သည် သူမ၌တပ်ဆင်ပေးထားသော အထောက်အကူပြု အစာပိုက်ပြွန်ကို တရားသူကြီးတစ်ဦး၏ အမိန့်ဖြင့်ဖယ်ရှားလိုက်ပြီးနောက် နှစ်ပတ်နီးပါးအကြာ ကြာသပတေးနေ့တွင် သေဆုံးသွားသည်။

ခင်ပွန်းဖြစ်သူ မိုက်ကယ်ဆက်ချ်ရှီဗိုက သူမ၏ ဦးနှောက်ထိခိုက်ပျက်စီးမှုကို အတိအကျဆုံးဖြတ်ချက်ချနိုင်ရန်အတွက် အလောင်းအား ခွဲစိတ်စစ်ဆေးမှုပြုလုပ်ပေးရန် တောင်းဆိုခဲ့သည်။

ခင်ပွန်းဖြစ်သူ မိုက်ကယ်ဆက်ချ်ရှီဗိုကမိမိဇနီး ဖြစ်သူသည် သဘာဝအတိုင်း မဟုတ်ဘဲ အသက်မရှင် လိုကြောင်း ပြောခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း ပြောဆိုခဲ့ပြီး သူမ၏ မိဘများဖြစ်ကြသော ဘော့ပ်နှင့် မေရီရှချင်ဒလာတို့က သမီးဖြစ်သူ နာလန်ထူလာရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့ကြသည်။

တယ်ရီဆက်ချ်ရှီဗို၏ အလောင်းကို ခွဲစိတ်စစ်ဆေးနေရာ ဆက်ချ်ရှီဗို၏ ဦးနှောက်ထိခိုက်မှုအခြေအနေကို သိရှိရန် အထောက်အကူ ရနိုင်သည်ဟုဆိုသည်။ အလောင်းခွဲစိတ် စစ်ဆေးသည့်အဖြေကို သီတင်းပတ်အနည်းငယ်အတွင်း သိဖွယ်ရှိသည်။

(အင်တာနက်)

အခြားနိုင်ငံများ၏ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှုမှအပြစ်လွတ်စေရန် လူ့အခွင့်အရေးအသုံးချခြင်းကို အမေရိကန် ရပ်တန့်သင့်

ပေကျင်း ဧပြီ ၁

အမေရိကန်ပြည်ထောင်စုသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်မှုမှ အပြစ်လွတ်စေရန်အတွက် လူ့အခွင့်အရေးအား အသုံးချနေခြင်းကို ရပ်တန့်သင့်ပြီး ကိုယ့်နိုင်ငံတွင်းမှ ကိုယ်ပိုင်လူ့အခွင့်အရေး ပြဿနာများကို ပိုမိုအာရုံစိုက်သင့်ကြောင်း တရုတ်နိုင်ငံခြားရေးဌာန ပြောခွင့်ရှိသူ လီယူကျင်ချောင်က ပေကျင်း၌ ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

လူ့အခွင့်အရေး ကိစ္စများအပေါ် ထိပ်တိုက်တွေ့သည့် မှားယွင်းသောအလေ့အကျင့်ကို အမေရိကန်ပြည်ထောင်စုသည် ပြောင်းလဲသင့်ပြီဖြစ်ကြောင်း လီယူက ပြောကြားသည်။

ကန့်ကွက်

၂၀၀၄နှင့် ၂၀၀၅ခုနှစ်ကာလအတွင်း နိုင်ငံနှင့်ဒေသ ၉၈ခု၏ လူ့အခွင့်အရေးစံချိန်စံညွှန်းနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံခြားရေးဌာနက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာနှင့်ပတ်သက်၍ဝေဖန်ချက်ပေးရာတွင် မစ္စတာလီယူက ထိုသို့ပြောကြားခြင်းဖြစ်သည်။ ယင်းအစီရင်ခံစာသည် တရုတ်အစိုးရကို တာဝန်မဲ့ ပြစ်တင်ရှုတ်ချထားသော ဓာတ်ပြားဟောင်းကြီးပင်ဖြစ်ကြောင်း၊ မိမိတို့အခိုင်အမာကန့်ကွက်ကြောင်း မစ္စတာလီယူက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Senior Lt.General, Phung Quang Thanhဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ ည၇နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးချုပ်ဉာဏ်ထွန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံး သံရုံး ယာယီတာဝန်ခံ Mr. Pham Van Cu၊ စစ်သံမှူး Sr.Colonel,Nguyen Van Thanhနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ် အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြပြီး ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အကများဖြင့် ဧည့်ခံဖျော်ဖြေသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Senior Lt. General, Phung Quang Thanh က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် (Chief of General Staff) Senior Lt. General, Phung Quang Thanh အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် (Chief of General Staff) Senior Lt. General, Phung Quang Thanh ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

အောင်စကြာ မိုးကုတ်ရိပ်သာ သင်္ကြန်တရားစခန်း

ရန်ကုန် ဧပြီ ၄

သာကေတမြို့ အောင်စကြာ မိုးကုတ်ရိပ်သာကြီး၌ သင်္ကြန်တွင်း ၁၀ ရက် အထူးတရားစခန်းပွဲကြီးကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ စခန်းပွဲအတွက် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲနှင့် ဖျော်ရည် လှူဒါန်းလိုသော စေတနာရှင်များ ဖုန်း-၅၄၇၀၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဒီပလိုမာစာရင်းကိုင်သင်တန်း(ပထမပိုင်း) သင်တန်းဆင်း

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံ စာရင်းကောင်စီ ဒီပလိုမာစာရင်းကိုင်သင်တန်း (ပထမပိုင်း) သင်တန်းဆင်းပွဲနှင့် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကထိကများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းက သင်တန်းဆင်း အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ပြည်သူများ လူနေမှုဘဝမြင့်မားရေး လမ်းညွှန်မှုများပေးလျက်ရှိ
နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တစိုက်မတ်မတ်ကြိုးပမ်းနေ
နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူ ညီညီညွတ်ညွတ်လက်တွဲပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

ရန်ကုန် မတ် ၄

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဧပြီ ၂ရက် နံနက်ပိုင်းတွင် မော်လမြိုင်စက်မှုဇုန်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စက်မှုလုပ်ငန်းရှင်များက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်က စက်မှုဇုန်၏ တည်နေရာ၊ အကျယ်အဝန်း၊ တည်ဆောက်ပြီး စက်မှုလုပ်ငန်းများနှင့် အမျိုးအစားများ၊ စက်ရုံ အလုပ်ရုံအလိုက် မြေနေရာချထားပေးမှု၊ ရေရရှိရေး ဆောင်ရွက်ပေးထားမှု၊ စက်မှုဇုန်၏ ပစ္စည်းထုတ်လုပ်မှုအခြေအနေနှင့် စက်မှုဇုန်မြေနေရာ တိုးချဲ့ရန် စီစဉ်ထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးအေးကျော်က စက်မှုဇုန်သို့ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးမှုအခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က မော်လမြိုင်စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် ယနေ့မြင်ကွင်းအရ မော်လမြိုင်စက်မှုဇုန်မှာ တိုးတက် ဖြစ်ထွန်းလာနေသည်ကို တွေ့မြင်နေရကြောင်း၊ နိုင်ငံတော်က စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် မြင့်မားလာစေရန်၊ စက်မှုကုန်ထုတ်ပစ္စည်းများ အရည်အသွေးမြင့်မားလာစေရန် တွန်းအားပေးမြှင့်တင် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ တွင်ခုံ၊ ဖောက်ခုံများကို DRO Machine, CNC Machine များနှင့် တွဲဖက်အသုံးပြုနိုင်အောင် အားပေးနေသကဲ့သို့ အဓိကကျသည့် သံနှင့် သံထည်ပစ္စည်းများ ထုတ်လုပ်မှုခေတ်မီလာစေရန် မန္တလေးစက်မှုဇုန်၊ အေးသာယာနှင့် မုံရွာစက်မှုဇုန်တို့တွင် ခေတ်မီသံရည်ကျိုစက်၊ ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စား အလုပ်ရုံများ ထူထောင်ပေးလျက်ရှိရာ ယင်းတို့နှင့် ဆက်စပ်နိုင်အောင် မိမိတို့၏ စက်မှုဇုန်များကလည်း အဆင့်မြင့် ပြင်ဆင်ထားရန်လိုကြောင်း။

ဆက်သွယ်ရယူ

ယနေ့အခါတွင် စက်မှုကုန်ကြမ်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်များပြားလာလျက်ရှိနေရာ မွန်ပြည်နယ်သည် ရော်ဘာထွက်ရှိရာ ပင်ရင်းဒေသဖြစ်သည်နှင့်အညီ မော်လမြိုင်စက်မှုဇုန်အနေဖြင့် ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ အကူအညီကို ဆက်သွယ်ရယူ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သွင်းကုန်အစားထိုးပစ္စည်းများ ထုတ်လုပ်မှုအပြင် ပြည်ပသို့ တင်ပို့ရောင်းချလာနိုင်သည်အထိ အရည်အသွေးများ တိုးတက်မြင့်မားအောင် တစ်ဦးချင်း တီထွင်ကြံဆမှု၊ စက်မှုဇုန်အချင်းချင်း၊ လုပ်ငန်းရှင်အချင်းချင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်သွားကြရန် လိုကြောင်း။

မိမိတို့၏ အရင်းအနှီးအင်အား၊ တီထွင်ကြံဆမှုအားများ ပြန့်ကျဲမနေစေဘဲ ပေါင်းစည်းညီညွတ်မှုအားဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ထုတ်လုပ်ရောင်းချနိုင်အောင် ကြိုးပမ်း

ရေနံချောင်းစက်မှုဇုန်မှ နှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ်များ ထုတ်လုပ်နေပြီး ပြည်ပဈေးကွက်တွင် စတင်ထိုးဖောက်နိုင်သည့် အခြေအနေကောင်းများရရှိနေသည့်နည်းတူ စက်မှုဇုန်များကလည်း မိမိတို့၏ စက်မှုဇုန်အလိုက် ပြည်ပဈေးကွက်ဝင် အထူးပြုစက်မှုကုန်ထုတ်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်အောင် ကြိုးပမ်းသွားကြရန် လိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မွန်ပြည်နယ် သံဖြူဇရပ်မြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ခရမ့်ရော်ဘာစက်ရုံအတွင်း ကုန်ချောထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားပေးကူညီ ပံ့ပိုးလျက်ရှိနေသည်နှင့်အညီ စက်မှုလုပ်ငန်းရှင်များ အပိုင်းကလည်း စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် ကိုယ်ပိုင်အရည်အချင်းများဖြင့် နည်းမှန်လမ်းမှန် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် မော်လမြိုင် စက်မှုဇုန် EFR Manufacturing Co., Ltd. ၏ ရော်ဘာဘေးထွက်ပစ္စည်းကို အသုံးပြု၍ Crumb Rubber ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့် ခင်းကျင်းပြသထားမှုကိုလည်းကောင်း၊ ကိုဝင်းငယ် ရော်ဘာကြိတ်စက်လုပ်ငန်း၊ တိုင်းရင်းရော်ဘာကြိတ်စက် လုပ်ငန်းနှင့် King ရော်ဘာကြိတ်စက် လုပ်ငန်းများက ထုတ်လုပ်ပြသထားသည့် ရော်ဘာကြိတ်စက် အမျိုးမျိုးတို့ကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဦးစိန်ဝင်း စက်မှုလုပ်ငန်းမှထုတ်လုပ်သည့် မြက်ဖြတ်စက်နှင့် အထွေထွေစက်ပစ္စည်းမျိုးစုံ ပြသထားမှုကိုလည်းကောင်း၊ ရွှေပေါက်ပင် ဘက်ထရီနှင့် အက်စစ်ထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်သည့် ဘက်ထရီအိုးနှင့် အက်စစ်ရေများ၊ ဦးအောင်မောင်း ဆီကြိတ်စက် ထုတ်လုပ်ရေးလုပ်ငန်း၊ ဦးမောင်ငြိမ်း မော်တော်ယာဉ်သုံး တော့ရှင်းဘားထုတ်လုပ်ရေးလုပ်ငန်းနှင့် ဦးမြဟန် 'ပိတောက်'စက္ကူ စာအုပ်ထုတ်လုပ်ရေးလုပ်ငန်းတို့မှ ထုတ်လုပ်သည့် မော်တော်ယာဉ်သုံး စက်ကိရိယာပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ၊ စာအုပ်စာရေးကိရိယာများ ပြသထားမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ယင်းနောက် ဦးလှငွေး ပလတ်စတစ် အစေ့တောင့်နှင့် ကြိုးထုတ်လုပ်ရေးလုပ်ငန်း၊ ဒေါ်ခင်အေးမော် ကြိုးကျစ်လုပ်ငန်း၊ ရီဖန်းလယ်ယာသုံးပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းနှင့် စံမင်း လွန်သွား၊ စက်ရွှေပေါ်၊ ဆောက်ပြားထုတ်လုပ်ရေး လုပ်ငန်းတို့မှ ထုတ်လုပ်သည့် ပလတ်စတစ်ကြိုးခွေများ၊ မော်တော်ယာဉ်သုံး၊ လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို လည်းကောင်း၊ သံရည်ကျို လုပ်ငန်းရှင်များက ထုတ်လုပ်သည့် လယ်ယာသုံး၊ အိမ်သုံး၊ စက်မှုလုပ်ငန်းသုံးနှင့် ရော်ဘာစေးခြစ် လုပ်ငန်းသုံးပစ္စည်းများ၊ ဖူးပွင့်နှင့် အားမာန် ဓာတ်မြေသြဇာထုတ်လုပ်ရေးလုပ်ငန်းတို့မှ ထုတ်လုပ်သည့် ဓာတ်မြေသြဇာတို့ကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ခင်းကျင်းပြသထား

ဆက်လက်၍ သံလွင်ရတနာ မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်း၊ Mon. High Star မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်း၊ ရာမည မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်း၊ စူပါမွန် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း၊ စိတ်တိုင်းကျ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းနှင့် အောင်ကောင်း မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းတို့မှ ခင်းကျင်းပြသထားသည့် မော်တော်ယာဉ်တို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် မော်လမြိုင်စက်မှုဇုန်အတွင်းရှိ Mon. High Star မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းသို့ သွားရောက်၍ Model. Mb. 401 အမျိုးအစား ၄၅ ယောက်စီး ခရီးသည်တင် မော်တော်ယာဉ် တီထွင်ထုတ်လုပ်နေမှုကိုလည်းကောင်း၊ တစ်နေ့လျှင် ဓာတ်မြေသြဇာ ၁၁၁၁ ၅ တန်ကျဖူးပွင့် ဓာတ်မြေသြဇာထုတ်လုပ်ရေး လုပ်ငန်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ Crumb Rubber Factory စက်ရုံတွင် ဘေးထွက်ရော်ဘာကုန်ကြမ်းမှ ဈေးကွက်ဝင်ရော်ဘာကုန်ချောထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုအားပေးသည်။

Crumb ရော်ဘာ ထုတ်လုပ်ရာတွင် ကုန်ကြမ်းပစ္စည်းအဖြစ် ရော်ဘာဘေးထွက်ပစ္စည်းများဖြစ်သည့်ရော်ဘာနို့ဆေး (Rubber Latex)၊ ရော်ဘာခွက်ကပ်ဆွဲဖတ် (Cup Lab)ကို အသုံးပြု ထုတ်လုပ်ခြင်းဖြစ်သည်။ ယခင်က ရော်ဘာ ဘေးထွက်ပစ္စည်းဖြစ်သည့် ရော်ဘာနို့စေးနှင့် ခွက်ကပ်ဆွဲဖတ်များကို လောင်စာအဖြစ်သာ အသုံးပြုခဲ့ကြပြီး ယခု အဆိုပါဘေးထွက်ပစ္စည်းများဖြင့် Crumb ရော်ဘာကုန်ချောအဖြစ် ပြုပြင်ထုတ်ယူရရှိပြီး ပြည်ပဈေးကွက်တွင် တန်ဖိုးထိုက်တန်စွာရောင်းတမ်းဝင်လျက်ရှိကြောင်း သိရှိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မွန်ပြည်နယ် မော်လမြိုင်စက်မှုဇုန်က ထုတ်လုပ်သည့် ပြည်တွင်းဖြစ် စက်ကိရိယာများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

Ever Flow River (EFR) ကုမ္ပဏီအနေဖြင့် Value Added Rubber Factory စက်ရုံ အမှတ်(၁)ကို ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်တွင်လည်းကောင်း၊ စက်ရုံအမှတ်(၂)ကို မွန်ပြည်နယ် မော်လမြိုင်စက်မှုဇုန်တွင်လည်းကောင်း တည်ဆောက်လျက် Crumb ရော်ဘာများ ထုတ်လုပ်လျက်ရှိသည်။

မော်လမြိုင်စက်မှုဇုန်မှာ အကျယ်အဝန်း ဧက၁၆၀ရှိကာ စက်မှုလုပ်ငန်းကွက်၃၄၀၊ လူနေကွက် ၂၄၀ရှိပြီး၊ အကြီးစားစက်မှုလုပ်ငန်း ၃၄ခု၊ အလတ်စားစက်မှုလုပ်ငန်း ၁၂၆ခု၊ အငယ်စားစက်မှုလုပ်ငန်း ခုနစ်ခု စုစုပေါင်း ၁၆၇ခုရှိသည်။

ထပ်မံဖော်ထုတ်

မော်လမြိုင်စက်မှုဇုန် စက်ရုံလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ယခုအခါ တိုးချဲ့မြေဧက ၈၃၀ကို ထပ်မံဖော်ထုတ်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်းနှင့် ဘူတာရုံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက သံလွင်တံတား(မော်လမြိုင်)ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ရထားလမ်းနေရာရွေးချယ်ခဲ့မှု၊ ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြန်မာ့မီးရထားတို့က လုပ်ငန်းများကို ကဏ္ဍအလိုက် ခွဲခြားဆောင်ရွက်နေမှု၊ လုပ်ငန်းများဆောင်ရွက်မှုနှင့် တိုးတက်ပြီးစီးမှု၊ မော်လမြိုင်ဘူတာရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး မော်လမြိုင်ဘူတာနှင့် ချဉ်းကပ်ရထားလမ်းများပြ ပုံစံငယ်ကိုလည်းကောင်း၊ ဘူတာရုံတည်ဆောက်နေမှု၊ ဘူတာဝင်းအတွင်း ရထားသံလမ်း၊ ကျောက်နှင့် ဇလီဖားတုံးများ စုဆောင်းထားမှု၊ ရထားသံလမ်းအချို့ ခင်းပြီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ချဉ်းကပ်ရထားလမ်း တည်ဆောက်ခြင်းလုပ်ငန်းတွင် မုတ္တမဘက်ခြမ်းနှင့် မော်လမြိုင်ဘက်ခြမ်း ချဉ်းကပ်တာပေါင် မြေကြီးလုပ်ငန်းအနေဖြင့် စုစုပေါင်း ၆ဒသမ၁၉မိုင် ဆောင်ရွက်သွားရမည်ဖြစ်ရာ ယနေ့အထိ ၄ဒသမ၅၉မိုင် ဆောင်ရွက်ပြီးဖြစ်သည်။

ချဉ်းကပ်ရထားလမ်းပိုင်းတွင် တံတား ၁၅စင်း တည်ဆောက်သွားမည်ဖြစ်ရာ ၁၁စင်း တည်ဆောက်ပြီးဖြစ်သည်။

မော်လမြိုင်ဘူတာ ဧရိယာသည် အလျားပေ၄၀၀၀၊ အနံ ပေ၁၀၀၀ ကျယ်ဝန်းပြီး ရထားများရပ်နား တွဲထိုးရန် ရထားလမ်း၁၉လမ်း ပါရှိမည်ဖြစ်သည်။

မော်လမြိုင်ဘူတာရုံမှာ အလျား ၄၈၈ပေ၊ အနံပေ၁၁၀ရှိမည်ဖြစ်ပြီး မော်လမြိုင်ဘူတာ တည်ဆောက်ခြင်းလုပ်ငန်းမှာ ၇၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေးစီမံကိန်းတွင် ပါဝင်သည့် မီးရထားလမ်း ဘိုးပိုင်တူးနေမှုလုပ်ငန်းခွင်သို့လည်းကောင်း၊ မြန်မာ့မီးရထားက ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်–ထားဝယ် ရထားလမ်းပေါ်ရှိ မော်လမြိုင်–မုဒုံကားလမ်းဖြတ် ပေ၂၀၀ရှည် လိုဏ်(Tunnel) တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ ခရမ့်ရော်ဘာတန်၁၆၁၀ ထုတ်လုပ်ရန် လျာထားသည့်အနက် မတ်၂၁ရက်အထိရော်ဘာတန် ၁၂၉၆ဒသမ၄တန် ထုတ်လုပ်ပြီးမှုအခြေအနေနှင့် အဆင့်နိမ့်ဆွဲဖတ်၊ ခွက်ကပ်ရော်ဘာများကို အဆင့်မီအရည်အသွေးမြင့် စက်မှုကုန်ကြမ်းသုံးရော်ဘာအဖြစ် သုတေသနစမ်းသပ်ထုတ်လုပ်လျက်ရှိမှုနှင့် သုတေသနတွေ့ရှိချက်နည်းပညာများကို ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအား ဖြန့်ဖြူးပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး စက်ရုံ၏ ရော်ဘာကုန်ချော ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

စာမျက်နှာ ၁၁ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကရင်ပြည်နယ် ကော့ကရိတ်မြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်ရုံသို့ နံနက် ၁၀နာရီခွဲတွင် ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြန့်ဖြူးမှုအခြေအနေ

ယင်းနောက် စက်ရုံရှင်းလင်းဆောင်၌ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ကြည်ဝင်းက စက်ရုံ၏နောက်ခံသမိုင်း၊ တည်ဆောက်ရခြင်း ရည်ရွယ်ချက်၊ ကုန်ထုတ်လုပ်မှု နည်းစဉ်အဆင့်ဆင့်၊ ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်နိုင်မှု၊ ဝင်ငွေရရှိမှုနှင့် ယခု၂၀၀၄–၂၀၀၅ ခုနှစ်တွင် ခရမ့်ရော်ဘာကုန်ချော

ဖွံ့ဖြိုးစည်ပင်လာစေရေး ညီညီညွတ်ညွတ် ဆက်လက်ကြိုးပမ်း

- ကဏ္ဍပေါင်းစုံတွင် အောင်မြင်မှုများ ရရှိနေခြင်းမှာလည်း တိုင်းရင်းသားအားလုံး တစ်စိတ်တစ်ဝမ်းတည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ "ပြည်ထောင်စု မြန်မာနိုင်ငံသားစိတ်ဓာတ်" တို့ဖြင့် တလုံးတစည်းတည်း ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်။ နောင်တွင်လည်း မိမိတို့နိုင်ငံတော်ကြီး ဆက်လက်ဖွံ့ဖြိုး စည်ပင်လာစေရေးအတွက် ညီညီညွတ်ညွတ် ဆက်လက်ကြိုးပမ်း။

လက်ရှိမြိတ်မြို့၌ လူဦးရေထူထပ်သဖြင့် မြို့ရေးယာထပ်မံတိုးချဲ့ရေးမှာ အခက်အခဲများစွာရှိ မြိတ်မြို့နှင့်ဆက်စပ်သည့် ကျွဲကူး-ကျောက်ဖျာတံတား ကျောက်ဖျာဘက်ကမ်း မြို့သစ်နေရာရွေးချယ်

■ ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ နံနက်၁၀နာရီတွင် မြိတ်မြို့သစ်ဖော်ထုတ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

လူဦးရေတိုးပွားလာမည်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား မြိတ်မြို့သစ်ဖော်ထုတ်ရေး ကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တနင်္သာရီတိုင်း အင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းနှင့် တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင်တို့က ရှင်းလင်းတင်ပြရာ၌ မြိတ်မြို့တွင် ရပ်ကွက်ပေါင်း ၁၂ခု ရှိပြီး ရပ်ကွက်ခြောက်ခုတွင်နေထိုင်သည့် လူဦးရေမှာ ထူထပ်သိပ်သည်းလျက်ရှိပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးလာသည်နှင့်အမျှ မြိတ်မြို့၏ လူဦးရေမှာ တိုးပွားလာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မြိတ်မြို့သစ်ဖော်ထုတ်ရေးအတွက် သက်ဆိုင်ရာကော်မတီများ အသီးသီး ဖွဲ့စည်းပြီး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း။

မြိတ်မြို့သစ်ဖော်ထုတ်ရေးအတွက် မြိတ်မြို့နှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် ကျောက်ဖျာနယ်မြေမြို့သစ်(ကဘင်း၊ ပရည်တောင် မြို့ရှောင်ကွင်းလမ်း

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာ ကွယ် ရေး ဦး စီး ချုပ် ဗိုလ် ချုပ် မှူး ကြီး သန်း ရွှေ မြိတ်မြို့သစ် ဖော်ထုတ်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က မြိတ်မြို့သစ် ဖော်ထုတ်ရေး စီမံကိန်းရှင်းလင်းဆောင်၌ မြိတ်မြို့သစ်၏ အကျယ်အဝန်းနှင့် မြေနေရာ အနေအထားတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အပိုင်း)၊ ကဘင်း-အထူးဆိပ်ဒေသမြို့သစ်၊ ကျောက်ဖျာရွာဟောင်းနှင့် အထူးဆိပ်ရွာအကြား ဆိပ်ကမ်းနယ်မြေမြို့ကွက်သစ်တို့မှာ အသင့်လျော်ဆုံးအဖြစ်တွေ့ရှိရပြီး မြို့သစ်ဖော်ထုတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က လက်ရှိ မြိတ်မြို့၏ အကျယ်အဝန်းနှင့် ရပ်ကွက်များ ဖွဲ့စည်းထားမှု၊ လူနေသိပ်သည်းမှု၊ မြို့မြေတိုးချဲ့ရန် အခက်အခဲရှိမှု၊ ကျွဲကူး-ကျောက်ဖျာတံတား ဖြစ်ပေါ်လာမှုအပေါ် တစ်ဖက်ကမ်းဘက်၌ မြိတ်မြို့ကို အကွက်ရိုက်တိုးချဲ့ရန် စီမံနေမှုနှင့်ရွေးချယ်ထားသည့် မြိတ်မြို့သစ်၏ အကျယ်အဝန်းနှင့် မြေနေရာအနေအထားတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် လက်ရှိမြိတ်မြို့၌နေထိုင်သည့် လူဦးရေမှာ ထူထပ်သိပ်သည်းလျက်ရှိကြောင်း၊ နေရေးထိုင်ရေးအဆင်ပြေစေရန် လက်ရှိ မြို့ကွက်နေရာ၌ မြို့ရေးယာ ထပ်မံတိုးချဲ့ရေးမှာလည်း အခက်အခဲများ ရှိနေကြောင်း။

တစ်ဖက်တွင်လည်း ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ သားငါးလုပ်ငန်းအခြေခံတို့ကြောင့် မြိတ်မြို့မှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး လူဦးရေ တိုးတက်များပြားလာမည့် အခြေအနေရှိနေကြောင်း။

မြိတ်မြို့သစ်ဖော်ထုတ်

ထို့ကြောင့်ရေရှည်ကိုမျှော်မှန်း၍ ယခုကတည်းကပင် မြိတ်မြို့သစ်တစ်ခု ဖော်ထုတ်တည်ဆောက်ရေးအတွက် စီမံထားရန်လိုကြောင်း။

နိုင်ငံတော်အပိုင်းက ပြည်သူများအတွက် နေရေး၊ ထိုင်ရေး အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးရာ၌ ကျန်းမာရေးအရ၊ လူမှုရေးအရ၊ သွားရေးလာရေး အရလည်း လွယ်ကူအဆင်ပြေမည့်မြို့သစ်ဖြစ်အောင် ကူညီစောင့်ရှောက်ပေးသွားရမှာဖြစ်ကြောင်း၊ နေရေးထိုင်ရေးအဆင်ပြေပါက စားရေးဝတ်ရေးတို့လည်း ဆက်စပ်အဆင်ပြေသွားမည်ဖြစ်ကြောင်း။

စနစ်တကျတည်ဆောက်

ထို့ကြောင့် မြိတ်မြို့နှင့်ဆက်စပ်နေသည့် ကျွဲကူး-ကျောက်ဖျာတံတား ကျောက်ဖျာဘက်ကမ်းရွေးချယ်ထားသည့် မြို့သစ်နေရာ၌ မြို့ပြစီမံကိန်းများနှင့်အညီ သာယာလှပ၍ နေချင်စဖွယ်ကောင်းသည့် မြိတ်မြို့သစ်ဖြစ်လာအောင် တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျတည်ဆောက်သွားကြရမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြိတ်မြို့သစ်ပြ မြေပုံကို ကြည့်ရှုပြီး ရှင်းလင်းဆောင်အနီးပတ်ဝန်းကျင်ရှိ မြိတ်မြို့သစ်ဖော်ထုတ်ရန် လျာထားသည့် မြေအနေအထားတို့ကိုလည်း ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့သစ်အဖြစ်ဖော်ထုတ်ရန် လျာထားသည့်နေရာများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

မြန်မာ့ရုပ်မြင်သံကြား

၅-၄-၂၀၀၅(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့အကျိုးတော် ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၇။ မင်းလှရေလှောင်တမံ
- ၈:၂၀ ၈။ ခါသကြိန်အဆိုအကများ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use.
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၅ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
- ၁၇:၂၅ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၃၅ ၈။ ခါသကြိန်အဆိုအကများ
- ၁၇:၄၅ ၉။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၁၅ ၁၀။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၈၂)
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ တေးဂီတအစီအစဉ်
- ၁၉:၂၀ ၁၄။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၁၉:၃၀ ၁၅။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟေမန်ဆောင်း၏ချစ်သံစဉ်"** (အပိုင်း-၆)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မြစ်ကြီးနားမြို့အစိုးရနည်းပညာကောလိပ်တည်ဆောက်မည့်နေရာ ရှင်းလင်းဆောင်၌ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထို့နောက် အစိုးရနည်းပညာကောလိပ် တည်ဆောက်မည့်နေရာသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ Civil Tech Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးအုံးမြင့်က မြိတ်မြို့အစိုးရနည်းပညာကောလိပ်ပုံစံနှင့် တည်ဆောက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ အစိုးရနည်းပညာကောလိပ် တည်ဆောက်မည့်နေရာနှင့် ပတ်ဝန်းကျင်အနေအထားကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ကျောက်ဖျာဘက်ကမ်းရှိ မြိတ်မြို့သစ်ဖော်ထုတ်မည့်နေရာမှ မြိတ်မြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြပြီး မြိတ်မြို့ပတ်လမ်း(၂) ဖောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး၊ အတွင်းရေးမှူး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင်များသည် ဧပြီ ၃ ရက် မွန်းလွဲ ၂ နာရီတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ တနင်္သာရီတိုင်း မြိတ်ခရိုင် မြိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တနင်္သာရီတိုင်းအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းဆွေနှင့် မြိတ်ခရိုင်အသင်း တွဲဖက်အတွင်းရေးမှူး ဦးမင်းသိန်းတို့က တိုင်းနှင့်ခရိုင်အသင်းများ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ဗဟိုအလုပ်အမှုဆောင်(နယ်မြေတာဝန်ခံ)ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးက အသင်းကြီး၏ ဦးတည်ရည်မှန်းချက်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ စွဲမြဲခိုင်မာသည့် ယုံကြည်ချက်၊ ခံယူချက်များဖြင့် လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူ များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

စက်သုံးဆီ

အလားတူအဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဧပြီ၃ရက် မွန်းလွဲပိုင်းတွင် မြိတ်မြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲမန်နေဂျာ ဦးဇော်ဝင်းနှင့် တိုင်းရောင်းဝယ်ရေးအရာရှိ ဦးတင်မောင်လှိုင်တို့က စက်သုံးဆီသိုလှောင်ဖြန့်ဖြူးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိစ္စများကို မှာကြားပြီး လိုအပ်သည် များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် ကျောက်မျက်ရတနာပြပွဲ ကြည့်ရှုအားပေး ကျောက်စိမ်းအတွဲများ တတိယနေ့ဆက်လက်ရောင်းချ

ရန်ကုန် ဧပြီ ၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော (၄၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ယနေ့ညနေ၅နာရီတွင်ရောက်ရှိလာရာ (၄၂)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ဝန်ကြီးသည် မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမ၌ ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

ကျောက်စိမ်းအတွဲရောင်းချ

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ညနေ ၅ နာရီမှ ည ၉ နာရီ ၁၀ မိနစ်အထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၂၀ ကို ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၅၀၀ ရောင်းချရသည်။

၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့နံနက် ၉ နာရီမှ စတင်၍ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ညနေ ၅ နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၄၁ တွဲတို့ကို ရောင်းချခဲ့ရသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအထိ နှစ် ၃၀ဆက်တိုက် တက်ရောက်ခဲ့သည့် ပြည်ပရတနာကုန်သည်တစ်ဦးနှင့် ၂၅နှစ်ဆက်တိုက် တက်ရောက်ခဲ့သည့်ပြည်ပရတနာကုန်သည်တစ်ဦးတို့အား ကျောက်ကပ်ပန်းချီကားနှင့်ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ရတနာပြပွဲဗဟိုကော်မတီဝင် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြက ၁၅နှစ် ဆက်တိုက် တက်ရောက်ခဲ့သည့် ပြည်ပရတနာကုန်သည် သုံးဦးတို့အားလည်းကောင်း၊ ရတနာပြပွဲဗဟိုကော်မတီဝင် အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောလွင်က ၁၀နှစ်ဆက်တိုက် တက်ရောက်ခဲ့သည့် ပြည်ပရတနာကုန်သည်သုံးဦးအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်းက (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများအား တန်ဖိုးအများဆုံးဝယ်ယူသည့် ကုမ္ပဏီအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာအား ပေးအပ်ချီးမြှင့်သည်။

ဧပြီ ၅ရက်နှင့် ၆ ရက်များတွင် ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များ ရွှေတိဂုံစေတီသွားရောက်ဖူးမြော်၊ မြို့တွင်းလှည့်လည်လေ့လာ

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေကြသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ်(Chief of General Staff) Senior Lt. General, Phung Quang Thanh နှင့်အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်၇နာရီတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧည့်ခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်ပူဇော်ကြသည်။

ပြန်လည်ပေးအပ်

ထို့နောက် ဧည့်သည်တော် ဗီယက်နမ် ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ် လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြကာ ရွှေတိဂုံစေတီတော် ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ရင်ပြင်တော်စနေထောင့်ရှိ ကျောက်စိမ်းဗုဒ္ဓဆင်းတုတော်အားဖူးမြော် ကြည်ညိုကြပြီး အဓိဋ္ဌာန်အောင်မြေမှ ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုကြကာ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ ဒုတိယ တပ်မတော်စစ်သမိုင်း ပြတိုက်မှူး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ယင်းနောက် ဧည့်သည်တော် ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်းရှိ ဗဟိုပြခန်း၊ နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ် ပြခန်းနှင့် တပ်မတော်ဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ဗီယက်နမ်ပြည်သူ့ တပ်မတော် စစ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ခံ ဦးသစ်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ဗီယက်နမ် ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ကြိုဆို

ထိုမှတစ်ဆင့် ဧည့်သည်တော် ဗီယက်နမ် ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ ရောက်ရှိကြရာ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဗဟိုမှ ညွှန်ကြားရေးမှူး ရဲမှူးကြီးတင်မောင်ဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် ဧည့်သည်တော် ဗီယက်နမ် ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ရှေးမြန်မာဘုရင်များ လက်ထက်မှ မျက်မှောက်ခေတ်အထိ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်း ဆောင်ရွက်မှုပြကွင်း ပြကွက်များကို လှည့်လည်ကြည့်ရှု လေ့လာကြပြီး ပြတိုက် ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးသည်။ **(သတင်းစဉ်)**

မြောင်းမြမြို့နယ်အသင်း ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် ဧပြီ ၄

မြောင်းမြမြို့နယ်တွင် နှစ်စဉ်ကျင်းပသော အကြိမ်(၇၀)မြောက် မြို့နယ်လုံးကျွတ် သံဃာ့ဒါန ဆွမ်းဆန်စိမ်းနှင့် ငွေပဒေသာပင် လောင်းလှူပူဇော်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက်(ဧပြီ၁၇ရက်) တနင်္ဂနွေနေ့ ညနေပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)က တတိယအကြိမ်မြောက် မြောင်းမြမြို့သို့ သွားရောက်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၀၁-၅၅၈၅၄၃၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးမျိုးကြည် ဖုန်း-၀၁-၅၇၈၆၃၈၊ ဦးသန့်ဇင် ဖုန်း-၀၉-၈၉-၂၂၁၉၇၊ ဒေါ်သန်းမြင့် ဖုန်း-၀၁-၅၂၆၁၆၈၊ အတွင်းရေးမှူး ဦးလှဖေ ဖုန်း-၀၁-၇၀၅၈၅၈၊ ၀၁-၂၁၂၄၇၀၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်ထွန်း ဖုန်း-၀၁-၇၀၉၁၁၄၊ ၀၁-၅၇၈၄၉၄၊ ၀၉-၈၉-၂၆၆၃၀နှင့်ဦးစန်းရွှေ(ခါတော်မီသမဝါယမအသင်း) အမှတ် ၁၆၄ အနော်ရထာလမ်း ရန်ကုန်မြို့တို့သို့ ဧပြီ၁၀ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်နှင့် ငွေပဒေသာပင်အတွက် အလှူငွေကျပ်၅၀၀၀ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သာသနာ့ဗိမာန်ရိပ်သာ တရားစခန်းကျင်းပမည်

ရန်ကုန် ဧပြီ ၄

အင်းစိန်မြို့နယ် မဟာသုခိတာလမ်း အရှေ့ကြို့ကုန်းရပ်ကွက် မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ နှစ်စဉ်ကျင်းပမြဲ သင်္ကြန် ၁၀ ရက် တရားစခန်းကို ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝါယာမာဝုဓ(မဟာကမ္မဋ္ဌာနာစရိယ)က ကြီးမှူး၍ ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများသည် သာသနာနုဂ္ဂဟအဖွဲ့ ရုံးခန်းသို့ ကြိုတင်စာရင်းသွင်းနိုင်ပြီး ဧပြီ ၇ ရက် ညနေ ၅ နာရီအရောက် သတင်းပို့ရမည်ဖြစ်သည်။ ဆွမ်းအလှူရှင်များသည် ဖုန်း-၆၄၁၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမှန်တရားကို လူအများ သိစေချင်ပါသည်

ဒေါက်တာမတင်ဝင်း
(ပညာရေးတက္ကသိုလ်)

> **ရေခံ၊ မြေခံကောင်းလှသော မြန်မာနိုင်ငံသားတို့သည် ကိုယ်စွမ်းကိုယ်စ ကောင်းပြီးသား ဖြစ်သဖြင့် ရဲရင့်ခြင်း ဝီရိယစွမ်းအားအပြည့်အဝထားရှိကြရ ပါမည်။ မိမိနိုင်ငံနှင့် လူမျိုးအကျိုး စီးပွားပျက်စီးအောင် လုပ်ဆောင်လာသော အန္တရာယ်ရန်စွယ်ဟူသမျှကို တွန်းလှန်ကာ မိမိတို့နိုင်ငံ ပိုမိုတိုးတက်အောင် ဆတက်ထမ်းပိုး ကြိုးစားကြရမည်ဖြစ်ပါသည်။**

စာရေးသူသည် သမိုင်းသင်ပြနည်းကို သင်ကြားပို့ချခဲ့သူဖြစ်၍ ယခုလည်း အခါအားလျော်စွာ သမိုင်းနှင့်ဆိုင်သော အကြောင်းအရာများကို ရေးသားနေသူ တစ်ဦးဖြစ်သည်။ ထို့ကြောင့် သမိုင်းစာအုပ်များကို ယခုတိုင် စုဆောင်းဖတ်ရှုနေရသည်။ သမိုင်းကိုဖတ်ရာတွင် ပထဝီဝင်ကို ချန်ထား၍ မရပါ။ ထို့ကြောင့် ပထဝီဝင်စာအုပ်များ၊ နိုင်ငံရပ်ခြားမှ ထုတ်ဝေသော မြေပုံစာအုပ်များကို မှာယူဖတ်ရှုရသည်။

နိုင်ငံခြားမှ ခံ့ညားထည်ဝါစွာ ထုတ်ဝေသော မြေပုံစာအုပ်ကို မိတ်ဆွေ တစ်ယောက်က လက်ဆောင်အဖြစ်ပေးသဖြင့် ဝမ်းသာအားရ ဖွင့်၍ဖတ်မိသည်။ မြန်မာနိုင်ငံနှင့် ပတ်သက်သော မြေပုံကိုလည်း အခြားနိုင်ငံများ၏ မြေပုံများ ကဲ့သို့ပင် စနစ်တကျဖော်ပြထားသဖြင့် ကျေးဇူးတင်စိတ်ပေါ်ပေါက်လာစမှာပင် ဟင်ခနဲ ဖြစ်သွားမိသည်။ အကြောင်းမှာမြန်မာ၏ထွက်ကုန်မှာ ဘိန်းဖြစ်သည်ဟု ဖော်ပြထားသောကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံသို့ ရောက်ခဲ့ဖူးသော အမှန် တရားကိုလိုလားသည့် နိုင်ငံတကာမှဧည့်သည်များ၊ မိမိနိုင်ငံကို မိမိအမှန် တကယ်ချစ်သော မြန်မာနိုင်ငံသားမှန်လျှင် ထိုအချက်ကို လက်ခံမည်မဟုတ်ပါ။ စာရေးသူတို့နိုင်ငံသည် ဘိန်းစိုက်ပျိုးခြင်းကို ဆန့်ကျင်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီ ဖြစ်သည်။ ဘိန်းအစားထိုး သီးနှံများအဖြစ် နှစ်တိုနှစ်ရှည်ပင်များကို အောင်မြင်စွာ ဖြစ်ထွန်းသည်အထိ စိုက်ပျိုးနိုင်ခဲ့ပြီ ဖြစ်သည်။ မူးယစ်ဆေးဝါး များကိုလည်း လူပုံအလယ်တွင် စစ်ဆေး၍ ဖျက်ဆီးခဲ့သည်မှာလည်း အကြိမ် များလှပြီ ဖြစ်သည်။ မူးယစ်ဆေးဝါးစိုက်ပျိုးခြင်းကို ဆန့်ကျင်တိုက်ဖျက်ရာတွင် မြန်မာနိုင်ငံသားများ အသက်များစွာ စတေးခဲ့ရသည်။

နယ်ချဲ့လက်ဝေခံများ၊ မြန်မာနိုင်ငံ ပြည်တွင်းရေးကို မတည်ငြိမ်အောင် ဆောင်ရွက်လိုသူများက မသိ နားမလည်သူများကို အသုံးပြု၍ ဘိန်းစိုက်ပျိုးခြင်း လုပ်ငန်းဖြင့် စီးပွားရှာကာ သူတို့လုပ်သမျှအပြစ်ကို မြန်မာနိုင်ငံအပေါ်သို့ ပုံချခဲ့သည်။ ထို့ကြောင့် ဘိန်းစိုက်ပျိုးခြင်းကို တားမြစ်သည့်အလုပ်သည် သာမန် ပညာပေးဆွေးနွေးခြင်း၊ စိုက်ပျိုးရေးအတွက်စီစဉ်ပေးခြင်းမျှလောက်နှင့်မလုံလောက် ခဲ့ပါ။ အသက်ပေါင်းများစွာ စတေး၍ ဘိန်းမှောင်ခို အဖျက်သမားများကို တိုက် ဖျက်ပြီးမှသာ ဘိန်းစိုက်ပျိုး ခြင်းရပ်ဆိုင်းအောင် ဆောင်ရွက်ခဲ့ရခြင်း ဖြစ်သည်။

ထို့ကြောင့် ဘိန်းကို မြန်မာနိုင်ငံ၏ ထွက်ကုန်အဖြစ် ဖော်ပြထားသည့် စာအုပ်များမှာ မည်မျှအဆင့်မြင့်သည့် စာပေထုတ်ဝေရေးတို့မှ ထုတ်ဝေသည် ဖြစ်စေ မမှန်ကန်ပါ။ တရားမဝင်ပါ။ အာဃာတဖြင့် ဤကဲ့သို့ ရေးသားရိုက် နှိပ်ခြင်းဖြစ်သည်။ ထိုစာအုပ်များသည် အသိမှန်ကို ဖြန့်ဝေသော စာအုပ်မဟုတ်ဘဲ မဟုတ်သည်ကို လုပ်ကြံသော စာအုပ်များဖြစ်သဖြင့် သိက္ခာမဲ့လှသည်။

မြန်မာနိုင်ငံ၏ ထွက်ကုန်များမှာနိုင်ငံတကာက မြတ်နိုးတန်ဖိုးထားရသော တွင်းထွက်ရတနာ အမျိုးမျိုးလည်း ရှိသည်။ ပင်လယ်ရေပြင် နယ်နိမိတ်လည်း ရှိသည်ဖြစ်ရာ ပုလဲကဲ့သို့သော ရတနာလည်း မြန်မာနိုင်ငံတွင် ထွက်သည်။ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းနှင့် အခြားတွင်းထွက် အဖိုးတန်ရတနာအမျိုးမျိုး၊ ရေနံနှင့် ဓာတ်သတ္တုများ၊ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်စသည့် အဖိုးတန် သစ်အမျိုးမျိုး၊ ကြိမ်၊ ဝါးစသည့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်နိုင်သည့် သစ်တောထွက် သဘာဝပေါက်ပင်များနှင့် ပြည့်စုံသော တောများလည်းရှိသည်။

မြန်မာပြည်ထွက် စားကုန်သောက်ကုန်များလည်း ပေါများသည်။ အလွယ် တကူ စိုက်ပျိုးဖြစ်ထွန်းသော မြေဖြစ်သည့်အတွက် တောင်ဘက်စွန်းဒေသမှ မြောက်ဘက်စွန်းဒေသအထိ ကွဲပြားခြားနားသော ရာသီဥတုအလိုက် အသီးအနှံ အမျိုးမျိုး စိုက်ပျိုးဖြစ်ထွန်းခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ဆန်စပါးကို အများအပြား စိုက်ပျိုးနေရာမှ သူ့ခေတ်နှင့်သူ တိုးတက်လာသော စိုက်ပျိုး နည်းပညာအရ ပြည်နယ်များတွင်လည်း ဆန်စပါးအပါအဝင် သစ်စေ့သစ်နှံ အမျိုးမျိုးကို တိုးချဲ့စိုက်ပျိုးနေကြပြီဖြစ်သည်။

စာရေးသူတို့နိုင်ငံတွင် မရှိဟုပြောရမည့် အပင်နည်းပါးသည်။ အုန်းပင်၊ ထန်းပင်ကဲ့သို့ တစ်ပင်လုံးကို စားစရာအဖြစ်လည်းကောင်း၊ အိမ်ဆောက်ပစ္စည်း အဖြစ်လည်းကောင်း သုံးနိုင်သည့်အပင်များလည်း များပြားလှသည်။ မည်သည့် နေရာတွင်မဆို သုံးစွဲနည်းသိပါက ဟင်းချက်စရာကလည်း ကျန်းမာရေးအတွက် ဆေးအမယ်များအဖြစ် အသုံးဝင်သည်။ စာရေးသူတို့ ငယ်စဉ်က ကစားနေရင်း ထိမိရှမိပါက အရွက်ကိုခြေ၍ အရည်ကို ရှသည့်နေရာ၊ သွေးထွက်သည့်နေရာ၌ ထည့်လိုက်ပါက အနာကျက် လွယ်သော အပင်များလည်း အရပ်တကာတွင် အမည်အမျိုးမျိုးဖြင့် ပေါက်ရောက်နေကြသည်။

အရိပ်ရပင်က သစ်လည်းရသည်။ အသီးလည်း ရသည်။ ဆေးဖက်ဝင်သည့် အပင်များလည်း များလှစွာတောင်းဟု ပြောရမည်ဖြစ်သည်။ ယခုထက်တိုင် စာရေးသူတို့ အိမ်တွင်လည်းကောင်း၊ မြန်မာဆန်သော အိမ်တိုင်းတွင် လည်းကောင်း မြန်မာပရဆေးများ၊ လိမ်းဆေးများကို သုံးစွဲနေကြဆဲဖြစ်သည်။ အစားအစာကို သူ့ရာသီနှင့်သူ ဓာတ်စာအဖြစ် ချက်ပြုတ် စားသုံးဆဲဖြစ်သည်။ မြန်မာနိုင်ငံသည် ကျယ်ပြော၍ စိမ်းလန်းသော မြေဖြစ်ရာ အိမ်မွေးတိရစ္ဆာန် များလည်း မွေးမြူနိုင်သည်။ ထူးထူးခြားခြားဆိုသလို မြန်မာ နိုင်ငံအလယ်ပိုင်းတွင် မြောက်မှ တောင်သို့ စီးဆင်းနေသော မြစ်များမှာ နိုင်ငံပိုင်မြေပြင် နယ်နိမိတ် အတွင်းတွင်မြစ်ဖျားခံ၍ ပင်လယ်အရောက် ဖြောင့်တန်းစွာ စီးဝင်ကြသည့် ရေချိုမြစ်များလည်း များသည်။ ထိုမြစ်များမှ သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရန် အောင်ရေများသာမက ငါး၊ ပုစွန်များလည်း ထွက်ရှိသည်။

စာရေးသူတို့နိုင်ငံတွင် အဝတ်အထည်များကို ရာသီဥတုနှင့် လိုက်လျော ညီထွေရှိအောင် ရက်လုပ်၍ ဝတ်ဆင်နိုင်သည်။ အကြောင်းမှာ ဝါပင်များစိုက်ပျိုး ဖြစ်ထွန်းသောကြောင့်ဖြစ်သည်။ ပုဂံသို့သွားရောက်လည်ပတ်သည့်အခါ စာရေး သူသည် လက်ရက်ချည်ထည်များကို ညောင်ဦးဈေးထဲသို့ တကူးတက သွား၍ ဝယ်ယူလေ့ရှိသည်။ ယခုတစ်ပတ်တွင် စာရေးသူထက်ဦးသော ဖောက်သည်များ ရောက်နေသဖြင့် စာရေးသူတို့က စောင့်ပေးနေရသည်။ ထိုဖောက်သည်များမှာ နိုင်ငံခြားသားများဖြစ်သည်။ သူတို့သည် မြန်မာလည်ကတုံးအင်္ကျီများကို ချက်ချင်းပင် လဲလှယ်ဝတ်ဆင်သွားသည်။ နိုင်ငံခြားသူများကလည်း မြန်မာ ဆန်ဆန်ချုပ်ထားသော၊ ရင်စေ့ပန်းပွင့်ကြယ်သီးတပ်ထားသော မြန်မာအင်္ကျီ များကိုလည်း ဝတ်ထားသည့်အပြင် မြန်မာဆင် မြန်မာကွင်းထမီများကိုလည်း ဝတ်ဆင်ကာ ပျော်တပြုံးပြုံးဖြစ်နေသည်။ ဝါသာမက ပိုးချည်များလည်း ထုတ်လုပ်နေပြီဖြစ်ရာ ပိုးထည်များကိုလည်း စာရေးသူတို့ ရှေးရိုးစဉ်လာမှ တစ်မျိုးဆန်းသစ်သည့် အဆင်များဖြင့် ရက်လုပ်ဝတ်ဆင်နိုင်ကြပြီ ဖြစ်သည်။

ကမ္ဘာ့အမျိုးသမီးများနေ့တွင် တက်ရောက်သော နိုင်ငံခြားသူများသည် မြန်မာ နိုင်ငံမှ ထုတ်လုပ်သော ပိုးထည်များကို လှပသေသပ်စွာ ဝတ်ဆင်ထားသည်မှာ ရှု၍ မငြီးနိုင်စရာပင် ဖြစ်သည်။

ထိုကဲ့သို့ သူ့အရပ်နှင့်သူ လူတို့၏ စားဝတ်နေရေးနှင့် ပတ်သက်၍ လိုလေသေးမရှိအောင် ပြည့်စုံသော သယံဇာတများ ရှိပါလျက် မဟုတ်မမှန် သောစကားဖြင့် ကလေးတို့ဖတ်ရှုသော စွယ်စုံကျမ်းတွင်လည်းကောင်း၊ မြေပုံ စာအုပ်တွင်လည်းကောင်း မြန်မာ၏ထွက်ကုန်မှာ ဘိန်းတစ်မျိုးသာဖြစ်သည်ဟု ယူဆစေရန် လုပ်ကြံသည်မှာ မြန်မာနိုင်ငံကို ထိခိုက်စေသည်သာမက ဖတ်ရှု မိသော ကလေးလူကြီးများကို အမြင်မှားစေရန် ရည်ရွယ်ပုံရသည်။ ထိုသို့ ရေးသားထုတ်လုပ်သောသူများသည် လူအများကို အရှိအတိုင်း အမှန်အတိုင်း မမြင်စေဘဲ လုံးဝဥသုံ အမြင်မှားစေသဖြင့် အပြစ်တင်ထိုက်သောသူများ ဖြစ်သည်။ ငရဲကြီးနေသည့်သူများ ဖြစ်သည်ဟုပင် ဆိုနိုင်သည်။

တစ်ပြိုင်နက်တည်းမှာပင် လူငယ်လူရွယ်များကို အားပေးချင်သည်။ မြန်မာနိုင်ငံကဲ့သို့သော အဘက်ဘက်က ပြည့်စုံကြွယ်ဝသည့်နိုင်ငံ၏ သယံဇာတ များကို မိမိတို့ကိုယ်တိုင်လည်း သိနားလည်ရန် လိုအပ်သည်။ မိမိတို့မှာ ရှိနေသည့်အရာများနှင့်ပတ်သက်၍ မသိသူကျော်သွား သိသူဖော်စားဟူသော ငယ်ငယ်ကကြားဖူးခဲ့သည့် စကားအတိုင်း သိနားလည်သော၊ တတ်ကျွမ်းသော သူများက ဖော်စားကြမည်ဖြစ်ရာ ထိုသိသူများသည် မိမိတို့ဖြစ်ရန် လိုအပ်သည်။

ပိုမိုတတ်သိ ပိုမိုနားလည်လိုသောသူများသည် မိမိတို့ဒေသ၏ ထူးခြားချက် များ၊ ပြည့်စုံကြွယ်ဝမှုများကို နားလည်သိရှိကြရန် လိုအပ်သည်။ ယခု ဆောင်းပါးတွင် အပြည့်အစုံမဖော်ပြနိုင်သည့်တိုင် အခြားနိုင်ငံများ၏ သဘာဝ အလှအပများထက် မလျော့သော ပိုမို၍ပင် ပြည့်စုံလှပသော သဘာဝအလှ များလည်း မြန်မာနိုင်ငံတွင် ရှိသည်။ မြန်မာနိုင်ငံ၏ နေဝင်ချိန် တိမ်တောက် သည့်အလှသည်ပင်လျှင် နိုင်ငံခြားသားဧည့်သည်များ ကြည့်ရှုနေကြသည်ကို ခရီးထွက်ဖြစ်သည့်အခါတိုင်း တွေ့ခဲ့ရသည်။ ထိုသို့မိမိတို့နိုင်ငံ၏ သဘာဝ သယံဇာတနှင့်သဘာဝ အလှကြွယ်ဝမှုကို မပျောက်ပျက်မပျက်စီးဘဲ တိုးတက် အောင် ရေရှည်ဆက်လက် လုပ်ဆောင်ရမည့်သူများမှာ မိမိတို့ဖြစ်သည်ဟု မြန်မာနိုင်ငံသား လူငယ်များ သတိထားကာ မိမိတို့၏ အသိပညာ၊ အတတ်ပညာ အစွမ်းများကို တိုးတက်အောင် ကြိုးစားကြစေလိုသည်။

(ဘိုးဘေးဘီဘင်တို့ လက်ထက်မှစ၍ အသက်၊ သွေး၊ ချွေးတို့ကို ပေးအပ်ကာ စောင့်ရှောက်ထိန်းသိမ်းခဲ့သည့် နိုင်ငံကို မိမိတို့က အမွေကောင်းအဖြစ် ဆက်ခံ၍ ဆက်လက်တိုးတက်အောင် ကြိုးစားရမည်။) ထိုသို့ဇာတိနှင့် အစဉ် အလာကို ဆက်ခံပိုင်ခွင့်ရှိသကဲ့သို့ တိုးတက်အောင် လုပ်ဆောင်ရန် တာဝန်သည် မိမိတို့၏တာဝန်ဖြစ်သည်ကိုသိစေချင်သည်။(ထိုကဲ့သို့ တိုးတက် လာသည့်နိုင်ငံကို မိမိတို့၏သားသမီးမြေးမြစ်တို့အား လက်ဆင့်ကမ်း ပေးအပ်ရမည်မှာလည်း မိမိတို့၏ တာဝန်ဖြစ်သည်ဟု သိနားလည်ကာ ကြိုးစားစေချင်သည်။)

ရေခံ၊ မြေခံကောင်းလှသော မြန်မာနိုင်ငံသားတို့သည် ကိုယ်စွမ်းကိုယ်စ ကောင်းပြီးသား ဖြစ်သဖြင့် ရဲရင့်ခြင်း ဝီရိယစွမ်းအား အပြည့်အဝထားရှိကြရ ပါမည်။ မိမိနိုင်ငံနှင့် လူမျိုးအကျိုး စီးပွားပျက်စီးအောင် လုပ်ဆောင်လာသော အန္တရာယ်ရန်စွယ်ဟူသမျှကို တွန်းလှန်ကာ မိမိတို့နိုင်ငံ ပိုမိုတိုးတက်အောင် ဆတက်ထမ်းပိုး ကြိုးစားကြရမည်ဖြစ်ပါသည်။ စိတ်ဓာတ်အင်အားကြွံခိုင် ထက်မြက်သူ မြန်မာနိုင်ငံသားတို့အတွက် ရန်မာန်အပေါင်းသည် နေလာ နှင်းပျောက်သဖွယ် ဖြစ်သွားပေလိမ့်မည်။ ။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့၊

ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မတ်လ ၂၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၄၅၄၁)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

အိမ်မဲမြို့ သာသနာ့ဗိမာန် တိုးချဲ့နှစ်ထပ်ဆောင်သစ်ဖွင့်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်တက်ရောက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၄

ဧရာဝတီတိုင်း အိမ်မဲမြို့ မြို့နယ်သာသနာ့ဗိမာန်တိုးချဲ့နှစ်ထပ်ဆောင်သစ်ဖွင့်ပွဲနှင့်ရေစက်ချ အလှူတော် မင်္ဂလာ အခမ်းအနားကို ဧပြီ ၁ရက် နံနက် ၈နာရီခွဲက အဆိုပါ အဆောက်အအုံတွင် ကျင်းပသည်။

ဖွင့်လှစ်ပေး

အစီအစဉ်အရ ရှေးဦးစွာ မြို့နယ် ဥက္ကဋ္ဌဦးမျိုးနိုင်နှင့် အလှူရှင် ရန်ကုန် မြို့မှ ဒေါ်ကြင်ကြင်တို့က အဆောက် အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အဆောက်အအုံဆိုင်းဘုတ်ကို စက် ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရေစက်ချမင်္ဂလာ

ဆက်လက်၍ အဆိုပါ သာသနာ့ ဗိမာန်တော်အတွင်း၌ အဆောက်အအုံ သစ်ရေစက်ချ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ နိုင်ငံ တော် ဗဟိုသံဃာ့ဝန်ဆောင် အိမ်မဲမြို့ အာသောကာရုံကျောင်းတိုက် ဆရာ တော် ဘဒ္ဒန္တသီရိသုမနာဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက ပရိတ် တရားတော်များ ရွတ်ပွားချီးမြှင့်တော် မူကြပြီး တိုင်းမှူးနှင့် ဇနီး၊ အလှူရှင် များက ဆရာတော် သံဃာတော်များ အား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ သာသနာ့ဗိမာန် တော်ကြီး ဘက်စုံမွမ်းမံရေးအတွက် ရန်ကုန်မြို့နေ ဦးကိုကိုလေး-ဒေါ်ကြင် ကြင်မိသားစုကငွေကျပ် ၄၂သိန်း၊ အိမ် မဲမြို့မှ ဦးလှသိန်း-ဒေါ်အေးပုံမိသားစု က ငွေကျပ် ၁၀သိန်း၊ ဦးသန့်ဇင်- ဒေါ်ခင်ဝါဝါမိသားစု၊ ဦးရဲမြင့်-ဒေါ်ခင် ခင်စိုးမိသားစုတို့က ငွေကျပ်ငါးသိန်းစီ အပါအဝင် အလှူရှင်အသီးသီးမှ စုစု ပေါင်းငွေကျပ် ၈၅၅၀၀၀၀ကို ပေးအပ် လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန် ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ အာသောကာရုံ ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသီရိ သုမနာ ဘိဝံသက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေ ကြသည်။ **(သတင်းစဉ်)**

အောင်စေတီသာသနာ့ဗိမာန်ကျောင်း ဆရာတော်ကြီး သိက္ခာထပ် မွေးနေ့မင်္ဂလာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဓော်ဘွားကြီးကုန်း ၁၀မိုင် အောင်စေတီသာသနာ့ဗိမာန်ကျောင်း ဆရာတော်ကြီး အရှင်ဘဒ္ဒန္တစတိလ၏ သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါပြည့်မြောက် သိက္ခာထပ် မွေးနေ့မင်္ဂလာပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၆ ရက်တွင် အဆိုပါအောင်စေတီ သာသနာ့ဗိမာန်ကျောင်း၌ နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။ ယင်းနေ့ နံနက် ၉နာရီတွင် သိမ်ဆင်းမည်ဖြစ်ရာ ကြွရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိဂ္ဂဒါဝမ္မရိပ်သာတရားစခန်း

ရန်ကုန် ဧပြီ ၄

တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် သရေခေတ္တရာလမ်းရှိ မိဂ္ဂဒါဝမ္မရိပ်သာဗဟိုဓမ္မာရုံကြီးတွင် သုဝဏ္ဏသိဂီကျောင်းတိုက် မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ နန္ဒောဘာသ (ဓမ္မာစရိယ)နှင့် ပဋိစ္စသမုပ္ပာဒ် ကမ္မဋ္ဌာန်းပြဆရာကြီး ဦးငြိမ်းမောင်တို့က သင်္ကြန်အထူး ၁၀ရက်စခန်းပွဲကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူများသည် ဧပြီ ၅ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ပြီး ဧပြီ၇ရက်(သောကြာနေ့) ညနေ ၅နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ **(၁၉၂)**

စာမျက်နှာ ၇ မှ

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက မြို့နယ်၏ အခြေခံ အချက်အလက်များ၊ မြေယာအသုံးချမှု၊ မိုးစပါးဧက ၂၇၄၂၀ ရိတ်သိမ်းပြီးစီးမှု၊ နွေစပါးဧက ၂၇၀၀ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားမှု၊ ဒေသဝမ်းစာဖူလုံရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု၊ ဒေသ၏ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တစ်ဦးချင်းဝင်ငွေ တိုးတက်ရေးအတွက် စီမံချက်များ ရေးဆွဲကာ ဆောင်ရွက်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်က ဆွေးနွေးမှာကြားရာတွင် သံဖြူဇရပ်မြို့နယ်သည် ဒေသဝမ်းစာဖူလုံရေးတွင် ၇၀ရာခိုင်နှုန်းသာ ရှိနေသေး၍ ဒေသဝမ်းစာဖူလုံအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရင်း တစ်ဖက်ကလည်း အခြားဝင်ငွေရ သီးနှံများ စိုက်ပျိုးသွားရန်လိုကြောင်း။

တွန်းအားပေးဆောင်ရွက်

ရော်ဘာသည် ယနေ့အချိန်အခါတွင် ဈေးကောင်းရရှိပြီး ဝယ်လိုအားကောင်းသည့် စက်မှုကုန်ကြမ်းဖြစ်သည့်အပြင် သံဖြူဇရပ်မြို့နယ် အပါအဝင် မွန်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ပင်ရင်းဒေသဖြစ်၍ ရော်ဘာတိုးချဲ့စိုက်ပျိုးခြင်းကို တွန်းအားပေး ဆောင်ရွက်သွားရန် လိုကြောင်း။

သံဖြူဇရပ်မြို့နယ်တွင် ငါး၊ ပုစွန် မွေးမြူရေး ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်သည့် သဘာဝအခြေခံကောင်းများကိုအခြေခံ၍ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း စီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရန် လိုကြောင်း။

ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုများ ရရှိဖြစ်ထွန်းနေပြီဖြစ်၍ မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကွင်းလုပ်ကွက်များ ရှာဖွေဖော်ထုတ်သွားကြရန် လိုကြောင်း၊ ပြည်သူများအတွက် အကျိုးခံစားမှုများ တိုးပွားလာအောင် အရှိန်မြင့်ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း။

ထို့ပြင် ကျေးလက်နှင့် မြို့ပြ ကွာဟမှုများ ပပျောက်စေရန် နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများကို အားပေးဆောင်ရွက်ပေးသွားရန် မှာကြားလိုကြောင်း၊ အဆိုပါဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအား တိုးပွားလာမှာဖြစ်ကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တိုင်းရင်းသား အချင်းချင်း ကူးလူးဆက်သွယ်မှု၊ တစ်ဦးနှင့်တစ်ဦး အကျိုးစီးပွား ပေါင်းယှက်ဆက်နွှယ်မှုများ များပြားလာသည်နှင့်အမျှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ တိုးပွားခိုင်မာလာမှာဖြစ်ကြောင်း အထူးအလေးထားဆောင်ရွက်ကြရေးမှာကြားပြီး တွေ့ဆုံပွဲ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး အတွင်းလူနာကုသဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားမီးယပ် လူနာဆောင်နှင့် ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ် ကော့ကရိတ်မြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် မောင်မောင်ရှိန်၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့်တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ကော့ကရိတ်မြို့ မြို့နယ်ခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီး မြို့နယ် တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းမောင်က ကော့ကရိတ်ခရိုင်၏ အခြေခံ အချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဖြည့်ဆည်းပေးရန် အခြေအနေ၊ ဒေသဝမ်းစာဖူလုံပိုလျှံမှု အခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ထိန်းသိမ်းမြှင့်တင်

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါတွင် ဒေသဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့ တာဝန်ကျရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူနေမှုအဆင့်မြင့်မားတိုးတက်ရေးအတွက် အတွေ့အကြုံကောင်းများ အလေ့အကျင့်ကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ ယင်းအတွေ့အကြုံကောင်း၊ အလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေရသည့် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပြည်သူ့အကျိုး ကာကွယ်စောင့်ရှောက်ပေးသွားကြရမှာဖြစ်ကြောင်း၊ ပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေးအတွက် လုပ်ဆောင်ပေးမှုများ ပေါ်လွင်ထင်ရှားစေရမှာဖြစ်ကြောင်း။

ပြည်သူများနှင့် ဆက်ဆံရာတွင် မိမိတို့၏လုပ်ရပ်များ ကောင်းမွန်မှန်ကန်မှုရှိအောင် အလေးဂရုပြုဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ကာကွယ်စောင့်ရှောက်

မြို့ပြနှင့် ကျေးလက်ကွာဟမှု နည်းပါးရေး၊ ဆင်းရဲမှုပပျောက်ရေး စသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများမှာလည်း အဆက်မပြတ် မြှင့်တင်ဆောင်ရွက်သွားရမည့် လုပ်ငန်းများဖြစ်သဖြင့် အုပ်ချုပ်ရေးအပိုင်း၊ ဝန်ထမ်းများအပိုင်းကလည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တင်းတိမ်ခြင်းမရှိဘဲ ဆက်တိုက် မြှင့်တင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ပြည်သူများ တရားဥပဒေဘောင်အတွင်း လုံလုံခြုံခြုံ စီးပွားရှာနိုင်အောင် ကာကွယ်စောင့်ရှောက်ပေးသွားကြရမှာဖြစ်ကြောင်း။

ပြည်သူများအနေဖြင့် အေးချမ်းတည်ငြိမ်မှုမှတစ်ဆင့် တိုးတက်ဖွံ့ဖြိုးမှုကို လိုလားတောင့်တကြသကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ တပ်မတော်အနေဖြင့်လည်း တပ်မတော် အစဉ်အလာနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူအတွက် ကာကွယ်စောင့်ရှောက် တည်ဆောက်ပေးသွားမှာပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ ညီညီညွတ်ညွတ်လက်တွဲပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

နိုင်ငံတော် အကြီး အကဲကိုယ်တိုင် နိုင်ငံတော် ဖွံ့ဖြိုးရေးနှင့် ပြည်သူများ လူနေမှုဘဝ မြင့်မားလာရေး၊ တိုင်းကျိုးပြည်ပြုကိစ္စများအတွက် အချိန်ပြည့် ဦးဆောင်လမ်းညွှန်မှုများ ချမှတ်ပေးလျက်ရှိနေပြီး အဆင့်ဆင့်သော အုပ်ချုပ်ရေး တာဝန်ယူနေကြသူများ၊ ပြည်သူများကပါ တစည်းတလုံးတည်း ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယနေ့ တိုးတက်မှုများ လျှင်လျှင်မြန်မြန် ရရှိနေခြင်းဖြစ်ကြောင်း။

တိုးတက်လာမှာအမှန်

ဤကဲ့သို့သော အတွေ့အကြုံကောင်း၊ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း မြှင့်တင်သွားပါက နိုင်ငံတော်ကြီးလည်း ယခုထက်ပို၍ပို၍ တိုးတက်လာမှာ အမှန်ပင်ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်ကြီး၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍအားလုံးအတွက် အခြေခံကောင်းများလည်းရရှိနေပြီး တစ်ချိန်တည်းမှာပင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ကာ တစ်ဆင့်ပြီးတစ်ဆင့် ညင်ညင်သာသာ အသွင်ကူးပြောင်းလျက် ရှိနေပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း တိုင်းရင်းသားစည်းလုံး ညီညွတ်မှု အင်အားများ ရရှိနေပြီး ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေးမှာလည်း လမ်းစပွင့်နေပြီဖြစ်ရာ နိုင်ငံတော်၏ အနာဂတ်အတွက် အခြေခံကောင်းများ မြင်တွေ့နေနိုင်ကြပြီဖြစ်ကြောင်း။

ဤကဲ့သို့ ကဏ္ဍပေါင်းစုံတွင် အောင်မြင်မှုများ ရရှိနေခြင်းမှာလည်း တိုင်းရင်းသားအားလုံး တစ်စိတ်တစ်ဝမ်းတည်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု စိတ်ဓာတ်၊ **"ပြည်ထောင်စုမြန်မာနိုင်ငံသားစိတ်ဓာတ်"** တို့ဖြင့် တလုံးတစည်းတည်း၊ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ရာ နောင်တွင်လည်း မိမိတို့နိုင်ငံတော်ကြီး ဆက်လက် ဖွံ့ဖြိုးစည်ပင်လာစေရေးအတွက် ညီညီညွတ်ညွတ်ဆက်လက် ကြိုးပမ်းသွားကြရေးမှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ကော့ကရိတ်ဆေးရုံသို့ ရောက်ရှိကြပြီး ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းဇော်က ဆေးရုံ၏ နောက်ခံသမိုင်း၊ ခုတင်(၁၀၀)ဆံ့ ဆေးရုံဆောက်လုပ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

လုပ်ငန်းဆောင်ရွက်မှုရှင်းလင်း

ဆက်လက်၍ ဟုမ်းတောက် ဆောက်လုပ်ရေးအဖွဲ့ တာဝန်ခံ ဦးအောင်မိုးကျော်က ကော့ကရိတ် ပြည်သူ့ဆေးရုံကို အလျားပေ ၁၇၀၊ အနံ ၆၈ ပေ၊ အမြင့် ၂၆ ပေရှိ ပင်မဆောင်၊ အလျား ၈၈ ပေ၊ အနံ ၆၆ ပေရှိ ခွဲစိတ်ခန်းနှင့် သားဖွားဆောင်တို့ကို နှစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံအဖြစ် တည်ဆောက်သွားမည့် ဗိသုကာဒီဇိုင်းပုံစံနှင့် ၂၀၀၆ ခုနှစ် ဩဂုတ်လအတွင်း လုပ်ငန်းပြီးစီးရန် ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး အရေးပေါ်လူနာဆောင်၊ ခွဲစိတ်ခန်းနှင့် ခုတင်(၁၀၀)ဆံ့ ဆေးရုံဆောက်လုပ်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ဘားအံမြို့သို့ ရောက်ရှိပြီး ရှေးဦးစွာ ဘားအံမြို့နယ် ဘားကပ်ကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသည့် ကွန်ပျူတာကောလိပ်(ဘားအံ)ပင်မဆောင် ဆောက်လုပ်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်း ပြသကြသည်။

ကွန်ပျူတာကောလိပ် (ဘားအံ)ကို ပေ ၅၀၀ x ပေ ၂၅၀ မြေအကျယ်ပေါ်တွင် အလျား၄၈၁ပေ၊ အနံ ပေ ၃၅၀ ရှိ သုံးထပ်ကျောင်းဆောင်အဖြစ် တည်ဆောက်လျက်ရှိပြီး လုပ်ငန်းတစ်ခုလုံး၏ ၇၃ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ယင်းမှတစ်ဆင့် ဘားကပ်လျှပ်စစ် မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြပြီး ရှေးဦးစွာ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းဖြင့် နွေစပါးစိုက်ပျိုးမှု၊ အကျိုးပြုဧကနှင့် စီမံကိန်းပြီးစီးရန် လုပ်ငန်းများကို အဆင့်လိုက် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

နွေစပါးစိုက်ပျိုးပြီးစီး

ဆက်လက်၍ ကရင်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးကျော်သိန်းက ကရင်ပြည်နယ်၏ မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုအခြေအနေ၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ သီးနှံစိုက်စွမ်းအား မြင့်မားရေးအတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမှု အခြေအနေနှင့် ၂၀၀၄-၂၀၀၅ ခုနှစ် နွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဘားကပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် နွေစပါးဖြစ်ထွန်းအောင်မြင်မှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ **(သတင်းစဉ်)**

သုံးထပ်ကျောင်းဆောင် ဆောက်လုပ်ရန်ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက် အမှတ် ၇၀ တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျား ဝေဠုဝန်ကျောင်းတိုက် အတွင်း ဆောက်လုပ်ဆဲ သုံးထပ်ကျောင်းဆောင်ကြီးအတွက် နှစ်ဖက်မိဘတို့ကို ဦးထိပ်ထား၍ အလှူရှင် ဒေါက်တာဦးဝင်းနိုင် - ဒေါက်တာဒေါ်ရီရီမြင့်မိသားစုကိုယ်စား မိခင် ဒေါ်တင်ရီက ငွေကျပ်၁၃၁၀၀၀၀ကို မတ်၂၈ရက်က ပေးအပ်လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းလှ(ငြိမ်း)က လက်ခံယူသည်။ **(အပေါ်ပုံ)**

အလားတူ သမီးဖြစ်သူ လှိုင်မြို့နယ် အေးရိပ်မွန် ၃ လမ်း အခန်း F/၃ နေ ဒေါက်တာဦးယုလွင်-ဒေါက်တာ ဒေါ်အေးအေးမြင့်၊ သမီး မယုဖြူသွယ် မိသားစုတို့က ငွေကျပ် ၁၀၀၀၀၀ကို ပေးအပ်လှူဒါန်းသွားသည်။ ကျောင်းဆောင်ကြီးအတွက် ပါဝင်လှူဒါန်းလိုကြသော စေတနာရှင် အလှူရှင်များသည် ဖုန်း-၅၁၃၆၅၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အာဆီယံအစည်းအဝေး ကြိုတင်ပြင်ဆင်မှုအစည်းအဝေးသို့ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဧပြီ ၄

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဧပြီ ၅ရက်နှင့် ၆ရက်တို့တွင် ကျင်းပမည့် (၁၃)ကြိမ်မြောက် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အာဆီယံအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှု အစည်းအဝေး (Preparatory Meeting of the 13th ASEAN Conference on Civil Service Matters)သို့တက်ရောက်ရန် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ ပထမအတွင်းဝန်ဒေါ်သန်းအေးလည်း ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲဆက် မြို့တော်စည်ပင်က လယ်ယာထွက်ကုန်ကိုအနိုင်ရရှိ

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်းက လယ်ယာထွက်ကုန်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲစဉ်များအပြီးတွင် မြို့တော်စည်ပင်အသင်းက ၁၂ပွဲကစား ၂၃မှတ်၊ လယ်ယာထွက်ကုန်အသင်းက ၁၂ပွဲကစား ၁၇မှတ်ရရှိထားကြသည်။

ယနေ့ပွဲ

ဧပြီ ၅ရက် **(ယနေ့)** ညနေ၄နာရီတွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ဘဏ္ဍာ/ အခွန်အသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု အသေးစား ရေအားလျှပ်စစ်စက်ရုံဖွင့် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရအောင်ကို တက်ရောက်အားပေး ချီးမြှင့်

ရန်ကုန် ဧပြီ ၄

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ် တီးတိန်မြို့နယ် ဂမ်ငိုင်စံပြကျေးရွာ ကျေးရွာလူထုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း ဆောင်ရွက်သည့် အသေးစားရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို မတ်၂၇ရက် ညနေပိုင်းတွင် ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရအောင်ကိုက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်မြို့ စန္ဒီပရဆေး မိသားစုက လှူဒါန်းသော ဂြိုဟ်တုစလောင်း တစ်စုံကို တာဝန်ရှိသူများသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မင်းနှင့် ဂမ်ငိုင်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ရေအားလျှပ်စစ်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရအောင်ကိုက ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ပံ့ပိုးပေး

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့်အဖွဲ့သည် မတ် ၂၈ ရက်တွင် မော်တော်ယာဉ်ဖြင့် တွန်းဇန်မြို့သို့ထွက်ခွာပြီး တွန်းဇန်မြို့ အားကစားခန်းမ၌ကျင်းပသော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ ဂီတအနုသုခုမသင်တန်းနှင့် အားကစားနည်းမျိုးစုံ သင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကား ပြောကြားပြီး သင်တန်းအတွက် ငွေကျပ်တစ်သိန်း ပံ့ပိုးသည်။

ထို့နောက် တီးတိန်မြို့နယ် ဟောက်ပီးဝစံပြကျေးရွာသို့ သွားရောက်ပြီး ကျေးရွာက ဆောင်ရွက်လျက်ရှိသော ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်နှင့် ပတ်သက်သော ပစ္စည်းများကို စစ်ဆေးကာ လိုအပ်ချက်များကို ပံ့ပိုးခဲ့သည်။

တက်ရောက်

ဗဟိုအလုပ်အမှုဆောင်သည် မတ် ၂၉ ရက်တွင် တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ ဂီတအနုသုခုမသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်း၊ တိုင်းရင်းဘာသာစာပေသင်တန်း ဖွင့်ပွဲသို့ တက်ရောက်ကာ အမှာစကားပြောကြားပြီး သင်တန်းအတွက် ငွေကျပ်တစ်သိန်းပံ့ပိုးသည်။

အမှာစကားပြောကြား

ညနေပိုင်းတွင် ဖလမ်းမြို့သို့ ဆက်လက်ထွက်ခွာပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ကျင်းပသော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ အိမ်တွင်းမှုသင်တန်း၊ ကြက်ခြေနီသင်တန်း၊ ဂီတအနုသုခုမသင်တန်း၊အင်္ဂလိပ်စကားပြောသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်း ဖွင့်ပွဲများသို့ တက်ရောက်ကာ အမှာစကား ပြောကြားပြီး သင်တန်းအတွက် ငွေကျပ်တစ်သိန်းပံ့ပိုးပေးကာ ဟားခါးမြို့သို့ ဆက်လက်ထွက်ခွာသည်။

ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် မတ် ၃၀ ရက် နံနက်ပိုင်းတွင် ချင်း ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှလိုက်ပါလျက် ထန်တလန်မြို့သို့ သွားရောက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ ဂီတအနုသုခုမသင်တန်း ဖွင့်ပွဲများသို့ တက်ရောက်ကာ သင်တန်းဖွင့်အမှာစကား ပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင်က သင်တန်းအတွက် ငွေကျပ်တစ်သိန်း ပံ့ပိုးပေးသည်။

ထို့နောက် ဟားခါးမြို့ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ နံနက် ၁၀ နာရီခွဲတွင် ကျင်းပသော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ ဂီတအနုသုခုမသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲသို့ တက်ရောက်ပြီး သင်တန်းဖွင့် အမှာစကားအသီးသီး ပြောကြားကာ သင်တန်းအတွက် ငွေကျပ်တစ်သိန်းစီ ပံ့ပိုးပေးသည်။

ရေအားလျှပ်စစ် စက်ရုံဖွင့်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ချင်းပြည်နယ် တာဝန်ခံ ဗိုလ်မှူးချုပ် သူရအောင်ကို ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှနှင့် အဖွဲ့သည် ညနေပိုင်းတွင် ဟားခါး မြို့နယ် ဖိုင်ဖာ(ခ) ကျေးရွာသို့ ရောက်ရှိပြီး အဆိုပါကျေးရွာ၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာလူထု ပူးပေါင်း ဆောင်ရွက်သော အသေးစား ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ထို့နောက် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မင်းနှင့် ဖိုင်ဖာ(ခ) ကျေးရွာ ရပ်မိရပ်ဖ ဦးထပ်ဖုန်းတို့က ရေအားလျှပ်စစ်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရအောင်ကိုက ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(သတင်းစဉ်)**

အရှင်ဇဝန(ပဲခူး)ဓမ္မခရီးစဉ်

ရန်ကုန် ဧပြီ ၄

နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဇဝန(ပဲခူး)အရှင်သူမြတ်သည် ဧပြီ ၈ ရက်တွင် မော်လမြိုင်မြို့ ရွှေမြိုင်သီရိနယ်မြေ လမုတန်းရပ် ပဋ္ဌာန်းအောင်ပွဲ ဓမ္မသဘင်၌လည်းကောင်း၊ ၁၃ ရက်တွင် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် ဓမ္မသဘင်၌လည်းကောင်း၊ ၁၆ ရက်တွင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အေးမေတ္တာလမ်း လူငယ်မောင်မယ်များ၏ ဓမ္မသဘင်၌လည်းကောင်း၊ ၁၉ရက်တွင် ပဲခူးမြို့နယ် အဝိုင်းရွာမ ကံဦးဓမ္မရိပ်သာ၌လည်းကောင်း၊ ၂၅ ရက်နှင့် ၂၆ရက်များတွင် အထက်မင်းလှမြို့နယ် ကျောက်မြောင်းရွာ၌လည်းကောင်း တရားဓမ္မများ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း အသင်းသားစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်း၏ ၂၀၀၄-၂၀၀၅ခုနှစ် နဝမ အကြိမ် အသင်းသား စုံညီအစည်းအဝေးကို ဧပြီ ၃ ရက်တွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ **(အပေါ်ပုံ)** သဘာပတိ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ အမှာစကား ပြောကြားကြသည်။

အတည်ပြု

ထို့နောက် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို အသင်းဝင်များက အတည်ပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးအောင်ကျော်တို့ပါဝင်သည့် ဗဟိုအလုပ် အမှုဆောင် ၁၈ဦးနှင့် အမှုဆောင် ၂၂ဦးတို့ ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သစ်၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။ **(သတင်းစဉ်)**

သဲအင်းဂူဝိပဿနာ ငါးရက်တရားစခန်း

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ကျောက်ရေတွင်းမြောက်ပိုင်း ရန်ကြီးအောင်လမ်း ချင်းတွင်းဓမ္မရိပ်သာကျောင်းတိုက်၌ မဟာသကြၤန် တရားစခန်းကို ဧပြီ ၁၃ ရက်မှ ၁၇ ရက် အထိ ကျင်းပမည်ဖြစ်ရာ သဲအင်းဂူဆရာတော်ကြီး၏ တပည့် ကျိုက်ဝိုင်းဆရာတော် ကမ္မဋ္ဌာနာစရိယ ဦးမုနိန္ဒနှင့် ချင်းတွင်းဓမ္မရိပ်သာ ပဓာနနာယက ကျောင်းထိုင်ဆရာတော် ဦးသံဝရစာရ(တန့်ဆည်)တို့က ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ဓမ္မမိတ်ဆွေယောဂီများသည် ဧပြီ ၁၂ ရက် ညနေ ၆ နာရီ နောက်ဆုံးထား၍ ဖုန်း-၆၅၁၀၈၁ သို့ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေး၌ဘိန်းစိမ်းများ ဖမ်းဆီးရမိ

ရန်ကုန် ဧပြီ ၄

မန္တလေးမူးယစ်အထူးအဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ၂ ရက်က သတင်းအရ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းနှင့် ၂၄ လမ်းထောင့်ရှိ မြသီရိတည်းခိုခန်း အခန်းအမှတ် ၁၃ကို ဝင်ရောက်စစ်ဆေးရှာဖွေရာ အောင်ဘီနှင့်အတူ ၎င်း၏ ကျောပိုးအိတ်အတွင်းမှ ဘိန်းစိမ်း ၆ ဒသမ ၅ ကီလို ဖမ်းဆီးရမိသည်။

အမှုဖွင့်အရေးယူ

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်း ဗန်းမောက်မြို့နယ် ပေတာရွာနေ ဦးစိုးမောင်၏သား အသက်၂၅နှစ်ရှိ အောင်ဘီအား မန္တလေး အမှတ်(၆)ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၁/၂၀၀၅ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

အလားတူ မန္တလေးတိုင်းရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ၂၅ ရက်တွင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ၃၅ လမ်းနှင့် ၆၄ လမ်းထောင့်၌ မော်တော်ယာဉ်များကိုစစ်ဆေးနေစဉ် မောင်ဆန်း မောင်းနှင်လာသော ယာဉ်အမှတ် ၁ခ/၂၅၆၅ ကို ရပ်တန့်စစ်ဆေးရာ ယာဉ်နောက်ဖုံးတံခါးအတွင်းမှ ပလတ်စတစ်ဖြင့်ထုတ်ထားသော ဘိန်းစိမ်းခြောက်ထုပ် စုစုပေါင်း အလေးချိန် ခြောက်ကီလို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက် ၈၁ လမ်းနှင့် ၈၂ လမ်းကြားနေ ဦးမောင်အေး၏သား အသက် ၃၃ နှစ်ရှိ မောင်ဆန်းအား မန္တလေး အမှတ်(၂)ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ်၁/၂၀၀၅၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲ နောက်ဆုံးနေ့ ပြည်သူများကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၄

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နောက်ဆုံးနေ့အဖြစ် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူတို့အား ဖွင့်လှစ်ပြသထားရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား ကျောင်းသူများ၊ ရဟန်းရှင်လူ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာ ပြိုင်ပွဲပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်း ဖြေဆိုပွဲကို နေ့စဉ် ကျင်းပပေးလျက်ရှိပြီး ဖြေဆိုပွဲအပြီးတွင် ဆုငွေများကို ချီးမြှင့်ပေးအပ်သည်။ **(သတင်းစဉ်)**

တပ်မတော်နေ့ပြပွဲ ပြည်သူများ ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၄

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ပြပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ယနေ့ နောက်ဆုံးနေ့အဖြစ် ဆက်လက်ဖွင့်လှစ်ပြသသည်။

အထူးပြခန်း တစ်ခုဖြစ်သည့် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းများပြခန်း၌ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး ဆုရရှိသူများအား ဆုများ ချီးမြှင့်သည်။

ယနေ့ပြပွဲသို့ နိုင်ငံခြားသားများ အပါအဝင် ရဟန်းရှင်လူပြည်သူများ လာရောက် ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

မြန်မာ့စီးပွားရေးဘဏ် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် Desktop Publishing Course(Page Maker, Excel) သင်တန်းအမှတ်စဉ်(၁/၂၀၀၅)သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၁ရက် နံနက် ၁၀နာရီ ဆူးလေဘုရားလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) စီမံခန့်ခွဲရေးဌာန သင်တန်းခန်းမ(၂)၌ ကျင်းပပြုလုပ်ရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း တက်ရောက်၍ သင်တန်းဆင်းပွဲအမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများ၊လက်ထောက်အထွေထွေမန်နေဂျာများ၊ မန်နေဂျာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ **(ဘဏ္ဍာ/အခွန်)**

မန္တလေး စီးပွားရေးလမ်းညွှန်(၂၀၀၅)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၄

Eureak Co., Ltd. က နှစ်စဉ်ထုတ်ဝေလျက်ရှိသော မန္တလေး စီးပွားရေး လမ်းညွှန် Mandalay Business Directory (၂၀၀၅)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

စာအုပ်တွင် မန္တလေးနှင့် အထက်မြန်မာပြည် ကုန်သွယ်ဖက်မြို့များဖြစ်သည့် မန္တလေး၊ မုံရွာ၊ ပခုက္ကူ၊ ရွှေဘို၊ မကွေး၊ မြင်းခြံ၊ မိတ္ထီလာ၊ တောင်ကြီးနှင့် ကလေးမြို့များ၏ စီးပွားရေးလုပ်ငန်းလိပ်စာများ၊ ဖုန်းနံပါတ်များနှင့် ကြော်ငြာများပါဝင်ပြီး စီးပွားရေးလုပ်ငန်းခေါင်းစဉ် ၅၀၀ ကျော်၊ လုပ်ငန်းလိပ်စာ အချက်အလက်ပေါင်း ၃၅၀၀၀ ကျော်၊ မြန်မာ့မီးရထား၏ တစ်ပြည်လုံးခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ဈေးနှုန်းများ၊ သတင်းအချက်အလက်များကိုပါ စုစည်းဖော်ပြထားသည်။

စာအုပ်ကို ရန်ကုန်မြို့ အမှတ် ၁၄၅ ၃၆လမ်း(လယ်) ကျောက်တံတားမြို့နယ် ဖုန်း ၀၁-၂၅၃၂၉၅ နှင့် မန္တလေးမြို့ H-2 ပထမထပ် ၇၈လမ်းနှင့် လမ်း ၃၀ ထောင့် ချမ်းအေးသာစံမြို့နယ် ဖုန်း ၀၉-၅၀၀-၉၁၀၁ တို့မှ မှာယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ နာမည်ကြီးဝမ်ချိုင်းနှင့် လုံးချောသရေကျ အေးဘိုစိန်က ရှုံးပွဲမရှိနိုင်းဝမ်းလေးကို အလဲထိုးအနိုင်ယူ

ရန်ကုန် ဧပြီ ၄

စီးတီးအက်ဖ်အမ်အောင်လံဆု မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဧပြီ၃ရက် ညနေ ၃နာရီက မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပရာ လက်ဝှေ့ဝါသနာအိုးများ ရှုပြည့်လျှံအောင် လာရောက်အားပေးကြည့်ရှုကြသည်။

မြန်မာ့ရိုးရာလက်ဝှေ့ဝါသနာအိုးများ မျှော်လင့်နေသည့် ရန်ကုန်မြို့တော်စည်ပင်မှ ရွှေခါးပတ်ချန်ပီယံ ဝမ်ချိုင်းနှင့် အသက်၂၈ နှစ်ရှိပြီး ဝမ်ချိုင်းထက် အရပ်မြင့်၍ ခြေတံလက်တံရှည်သော ဧရာဝတီမှလုံးချောတို့ ငါးချီ အချီပြည့် သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကြပြီး နိဂုံးတွင် သရေဖြင့်သာ ကျေနပ်သွားကြရသည်။

တွဲလုံးလက်သီး

ပထမအချီတွင် တွဲလုံးလက်သီးထိုးအားကောင်းသည့် ဝမ်ချိုင်းက တွဲလက်သီးများဖြင့် ယှဉ်ပြိုင်ရာ လုံးချောရောင်တိမ်းရင်း လက်သီး၊ ခြေခတ်ချက်များဖြင့် ပြန်လည်တုံ့ပြန်ခဲ့သည်။

ဒုတိယအချီ

ဒုတိယအချီ ယှဉ်ပြိုင်ရာတွင် ၂ မိနစ် ၃၇ စက္ကန့်တွင် ဝမ်ချိုင်း အတင်းဝင်ထိုးပြီး ပြန်အထွက် လုံးချော၏ ပြင်းထန်လှသည့် ညာလက်သီး ဝမ်ချိုင်းမျက်နှာကို ထိမိပြီး ဘယ်ပင့်လက်သီး ဝမ်ချိုင်းရင်ညွန့်ထိမိကာ ဝမ်ချိုင်း လဲကျသွားကာ အနားတောင်းယူခဲ့ရသည်။

တတိယအချီနှင့် စတုတ္ထအချီများတွင်လည်း တက်ညီလက်ညီ ဖြစ်နေသည်။

နောက်ဆုံးအချီ

နောက်ဆုံးအချီဖြစ်သည့် ပဉ္စမအချီတွင် လက်ဝှေ့ကျော် နှစ်ဦးဖြစ်သည့် ဝမ်ချိုင်းနှင့် လုံးချောတို့သည် ရေကုန်ရေခန်း ယှဉ်ပြိုင်ကြရာ ငယ်ဂုဏ်ရှိသည့် လုံးချော၏ လက်သီး၊ ဒူးချက်များ ဝမ်ချိုင်း ရင်ညွန့်နှင့် မျက်နှာဆီသို့ ပျံ့ဝဲသလို သမ္ဘာရင့်အတွေ့အကြုံရင့်သည့် ဝမ်ချိုင်းအရှောင်အတိမ်းများဖြင့် ရှောင်ရှားပြီး ၎င်း၏အားပါလှသော လက်သီးချက်များဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ပြီး သရေဖြင့်သာ ပွဲသိမ်းခဲ့ရသည်။

ငါးချီစိန်ခေါ်ပွဲဖြစ်သည့် နာမည်ကြီးရှုံးပွဲမရှိသေးသည့် နိုင်းဝမ်းလေးအား အေးဘိုစိန်(လယ်ယာ/ ဆည်မြောင်း)က စတုတ္ထအချီတွင် အတင်းလိုက်ထိုးနေသည့် နိုင်းဝမ်းလေး ထိုးပြီးပြန်အထွက်တွင် အေးဘိုစိန်၏ ဒူးနှင့်မျက်လုံးကို ထိမိပြီး လဲကျသွားသည်။ အမှတ်စဉ်ရေတွက်ပြီးသည်အထိ ပြန်မထနိုင်တော့၍ ရှုံးပွဲမရှိသည့် နိုင်းဝမ်းလေးသည် အရှုံးနှင့် ရင်ဆိုင်သွားရသည်။

အသက်၂၅နှစ်ရှိ နိုင်းဝမ်းလေးသည် ပွဲပေါင်း၃၀ကျော် ယှဉ်ပြိုင်ခဲ့ရာ နိုင်ပွဲများစွာ ပိုင်ဆိုင်ထားပြီး သူ၏လက်ဝှေ့သက်တမ်းတစ်လျှောက် ပထမဦးဆုံးအရှုံးပွဲနှင့် ကြုံတွေ့ရခြင်းဖြစ်သည်။

အခြားငါးချီစိန်ခေါ်ပွဲများတွင် ရန်ကြီးအောင်(တံ့တေး)က အလုံးအထည် တောင့်တင်းသည့် ညီညီဇော်(မန္တလေး) အား ပထမအချီ၌ပင် ဘယ်ပင့်လက်သီးချက် မျက်နှာကို ထိ၍ ညီညီဇော် နောက်ကောက်ကျပြီး ပြန်မထနိုင်ဘဲ အရှုံးပေးခဲ့ရသည်။

ငါးချီစိန်ခေါ်ပွဲ ပဲခူးတိုင်းမှ စိန်သံမဏိနှင့် သစ်တောရေးရာမှ မျိုးဆက်သစ်တို့ ဒုတိယအချီ ငါးစက္ကန့်တွင် နှစ်ဦးသားရင်ဆိုင်ထိုးရာ စိန်သံမဏိ၏ ဘယ်ညာတွဲလက်သီးချက်ကြောင့် မျက်နှာကိုထိ၍ မျိုးဆက်သစ် အရှုံးပေးသွားခဲ့ရသည်။

အချီပြည့်ထိုးသတ်

ငါးချီစိန်ခေါ်ပွဲတွင် မြန်ဆန်လွန်းလှသည့် ဘယ်ညာတွဲလက်သီးများ အဆက်မပြတ်ထိုးသည့် ဒေါ့ဂျစ်လေး (လယ်/ဆည်)၏ လက်သီးချက်များ ဇော်ဇော်လေး(မြဝတီ)၏ မျက်နှာထိသော်လည်း သံမဏိလို မာကြောလှသည့် ဇော်ဇော်လေး(မြဝတီ)အပြုံးမပျက် အချီပြည့်ထိုးသတ်သွားပြီး သရေပွဲဖြင့် ပွဲသိမ်းသွားရသည်။

လေးချီစိန်ခေါ်ပွဲများတွင် သားချော(ရန်ကုန်)က မျှားလုလင်(တံ့တေး)ကို ဒုတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိပြီး မန္တလေးသားလေးရဲခေါင်က ဧရာဝတီတိုင်းမှ ဟိန်းညီညီကို ပထမအချီတွင် အလဲထိုးကာ အနိုင်ယူသွားသည်။

လေးချီစိန်ခေါ်ပွဲများတွင် သားစစ်နိုင်(မြန်မာပြည်သား)နှင့် မင်းထွန်းလေး(တံ့တေး)တို့ပွဲနှင့် သိုးကောင်း(မြန်မာပြည်သား)နှင့် ကြယ်ဖြူလေး(ကရင်ပြည်နယ်)တို့ ပွဲချီပြည့်ထိုးသတ်ပြီး သရေဖြင့်သာ ပွဲသိမ်းသွားကြသည်။ **(မြန်မာ့အလင်း)**



မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပရာ လက်ဝှေ့ဝါသနာအိုးများ ရှုပြည့်ရှုံလျှံ ဤသို့လာရောက် ကြည့်ရှုအားပေးခဲ့ကြသည်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် လုံးချော၏ ညာခြေကန်ချက်ကို နာမည်ကြီး ဝမ်ချိုင်းက ဤသို့ ညာခြေဖြင့်ပင် ဟန့်တားခဲ့သည်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲ
မန္တလေးတိုင်းက မွန်ပြည်နယ်ကိုနိုင်ပြီး ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် ဧပြီ ၄

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ်အောက်လူငယ် ဘောလုံးပြိုင်ပွဲ ပထမအကြို ဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ မန္တလေးတိုင်းအသင်းက မွန်ပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မန္တလေးတိုင်းအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲပြီးရန် နှစ်မိနစ်အလိုတွင် ကျော်ရဲအောင်က သွင်းယူပေးသည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို မန္တလေးတိုင်းအသင်းအတွက် အနိုင်ဂိုးသွင်းပေးသူ ကျော်ရဲအောင်က ရရှိသည်။

ယနေ့ပွဲ

ဧပြီ ၅ရက်**(ယနေ့)** ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဧရာဝတီတိုင်းအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

စပိန်လာလီဂါပွဲစဉ်(၃၀)ယှဉ်ပြိုင်
ဘာစီလိုနာသရေပွဲကျ၊ ရီးရဲမက်ဒရစ်အနိုင်ရ

ဘာစီလိုနာ ဧပြီ ၄

စပိန်လာလီဂါအမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၀)ကို ဧပြီ၃ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ချန်ပီယံဆုဖလားကို မှန်းနေပြီဖြစ်သော ဘာစီလိုနာက ရီးယဲလ်ဘက်တစ်နှင့် သုံးဂိုးစီ သရေဖြစ်ခဲ့ပြီး နာမည်ကြီးရီးရဲမက်ဒရစ်က အယ်ဘာစီတီကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သဖြင့် ရီးရဲမက်ဒရစ်က ဘာစီလိုနာနှင့် ကိုးမှတ်သာကွာတော့သည့် အနေအထားသို့ ရောက်ရှိလာပြီဖြစ်သည်။

ဘာစီလိုနာနှင့် ရီးယဲလ်ဘက်တစ်

အိမ်ကွင်း ၁၆ပွဲကစားပြီးချိန်တွင် တစ်ပွဲသာရှုံးပြီး တန်းစီဇယားထိပ်၌ ရပ်တည်နေသော ဘာစီလိုနာသည် ယခုပွဲကို အိမ်ကွင်း၌ ရီးယဲလ်ဘက်တစ်နှင့် ကစားရာ အိမ်ကွင်းသုံးပွဲမြောက် သရေပွဲဖြစ်ခဲ့ရသည်။ ရော်နယ်ဒင်ဟို၊ အီတိုး၊ ဟာနန်ဒက်ဇ်ဓာဗီတို့အတွဲညီညီ ထိုးဖောက်ကစားသော်လည်း ရီးယဲလ်ဘက်တစ်၏ တန်ပြန်ထိုးဖောက်မှုမှ ပွဲချိန်၁၂မိနစ်တွင် ဆန်ချက်စ်ဂျူးကွင်းက ဝဲဘက်အခြမ်းမှ ဆွဲယူလာပြီး ကန်သွင်းယူခဲ့သဖြင့် ဘက်တစ်တို့ အဖွင့်ဂိုးရရှိခဲ့သည်။

အဖွင့်ဂိုး ပေးလိုက်ရသဖြင့် ဘာစီလိုနာအသင်း ချေပဂိုးရရှိရေး ကြိုးစားရာမှ ၁၅မိနစ်တွင် ရီးယဲလ်ဘက်တစ် နောက်ခံလူ ဒေးဗစ်ရီဗက်စ် ကြမ်းတမ်းစွာကစားမှုကြောင့် အနီကတ်ပြအထုတ်ခံရပြီး ဆယ်ဦးတည်းကစားခဲ့ရသော ဘက်တစ်ကို ၁၆မိနစ်တွင် အီတိုးက တစ်ဂိုးပြန်သွင်းယူခဲ့သည်။ ၃၉မိနစ်တွင် ဘက်တစ်မှ ရီကာဒိုအိုလီဗီရီရာက တစ်ဂိုး၊ ၆၂မိနစ်တွင် ဆန်ချက်စ်ဂျူးကွင်းက တစ်ဂိုးသွင်း ဆက်တိုက်သွင်းယူခဲ့ပြီး ဘက်တစ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။

သရေပွဲ

ဘာစီလိုနာတို့ ချေပဂိုးများရရှိရေး အသည်းအသန် ကြိုးစားကစားရာမှ ၈၃မိနစ်တွင် အီတိုးက တစ်ဂိုးထပ်မံသွင်းယူပြီး လူစားဝင်လာသူ ဘရွန်ခေါ့စ်က မိနစ်၉၀တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့၍သာ ကံကောင်းစွာသရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။

အယ်ဘာစီတီနှင့် ရီးယဲလ်မက်ဒရစ်

တန်းဆင်းဇုန်အတွင်းရောက်ရှိနေသော အယ်လ်ဘာစီတီကို ရီးယဲလ်မက်ဒရစ်က နောက်မှချေပဂိုးနှင့် အနိုင်ဂိုးများသွင်းသူပြီးမှ အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဘာစီလိုနာကို ဖိအားပေးနိုင်ခဲ့သည်။ ရော်နယ်ဒို၊ မိုက်ကယ်အိုဝင်၊ ဆိုလာရီနှင့် ဂူတီတို့၏ ထိုးဖောက်ကစားမှုများကို အယ်ဘာစီတီနောက်တန်းက ခံစစ်ကြောင်းလုံစွာဖြင့် ပိတ်ဆို့ကစားပြီး တန်ပြန်တိုက်စစ်မှ တစ်ဆင့် ကိုးမိနစ်တွင် အယ်ဘာစီတီမှ ရီဒွန်ဒိုက ပယ်နယ်တီဧရိယာအစပ်မှ ဘယ်ခြေဖြင့် အပြင်းကန်သွင်းပြီး အဖွင့်ဂိုး ရယူပေးခဲ့သည်။

အဖွင့်ဂိုးစောစီးစွာ ပေးလိုက်ရသဖြင့် ရီးယဲလ်မက်ဒရစ် ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားရာမှ ၁၅ မိနစ်တွင် ဖီဂိုကန်တင်ပေးလိုက်သည့် ဘောလုံးကို ၁၀ကိုက်အကွာမှ ဟယ်ဂွေရာက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။

ပထမပိုင်းပြီးခါနီး ၄၅မိနစ်တွင် တိုက်စစ်မှူး မိုက်ကယ်အိုဝင်က ဂိုးရှေ့ ၁၂ကိုက် အကွာမှ ညာခြေဖြင့် အမှတ်မထင် ကန်သွင်းယူခဲ့သဖြင့် အနိုင်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

ဘုတလင်မြို့နယ်တွင် အလှူရှင်စက်ရေတွင်းဖွင့်

တစ်နာရီ ရေဂါလန် ၁၂၀၀ထွက်ရှိ

ဘုတလင် မတ် ၃၀

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အဋ္ဌမအကြိမ်မြောက် အလှူရှင်စက်ရေတွင်းဖြစ်သည့် တက်လှိုင်းကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၇ ရက်က အဆိုပါစက်ရေတွင်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အလှူရှင်ဦးမြတ်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**အဆိုပါစက်ရေတွင်းကို လှူဒါန်းငွေကျပ် ၁၀သိန်းဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စက်ရေတွင်းမှာ နှစ်လက်မ စက်ရေတွင်းဖြစ်ပြီး တစ်နာရီရေဂါလန် ၁၂၀၀ ထွက်ရှိကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

နှစ်(၆၀)ပြည့် တပ် မ တော် နေ့ ကို ဂုဏ် ပြုသော အားဖြင့် ရွှေကျင် မြို့နယ် စည်ပင် သာယာရေးအဖွဲ့ က ကျွဲတဲ ရပ်ကွက် ခုတင် (၁၀၀)ဆံ့ ဆေးရုံ လမ်းတွင် အမှတ် (၂) လေးလက်မ စက် ရေ တွင်း ဖွင့်ပွဲကို မတ် ၂၅ ရက်က ကျင်းပရာ မြို့ နယ် ဥက္ကဋ္ဌ ဦးထွေးမြင့် နှင့် အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဝိုင်းမော်မြို့တွင် မိုင်းနား-လဘန်ကျေးလက်ကျောက်ချောလမ်းဖွင့်

ကျေးရွာနေပြည်သူများ လွယ်ကူချောမွေ့စွာသွားလာနိုင်ကြပြီ

ဝိုင်းမော် မတ် ၃၀

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော မိုင်းနား-လဘန် ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက်က အဆိုပါ ကျောက်ချောလမ်းမုခ်ဦးတွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းရွှေက အမှာစကား ပြောကြားပြီး ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ငွေက မိုင်းနား-လဘန် ကျေးလက်ကျောက်ချောလမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိတို့က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၅၁၁၀၊ အကျယ် ၁၂ ပေရှိပြီး ကျေးရွာနေပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မတ် ၆ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် ပြည်နယ်အင်ဂျင်နီယာများက ဘော်လခဲမြို့၌ ဆောင်ရွက်လျက်ရှိသော ဟွေချောင်း သစ်သားတံတားကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။

(နယ်စပ်/စည်ပင်)

ရေပူ-ညောင်သုံးပင် ကတ္တရာလမ်းသစ်ဖွင့်

မိုးကုတ် မတ် ၃၀

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးကုတ်မြို့နယ် ရေပူ-ညောင်သုံးပင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၁၂ရက် နံနက် ၇ နာရီက အဆိုပါမုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့် အလှူရှင်ဦးတင်ဆင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါကတ္တရာလမ်းကို အရှည်ပေ ၂၈၀၀၊အကျယ် ၁၀ပေလမ်းအဖြစ် ငွေကျပ်၇၃သိန်းအကုန်အကျခံဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(နယ်စပ်/စည်ပင်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

တမူးမြို့နယ် အုတ်ဖို-နောင်ကက် ကျေးရွာချင်းဆက်

မြေသားလမ်းဖောက်လုပ်

တမူး မတ် ၁၅

တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က လမ်းနှင့်တံတားများ၊ရေပေးရေး လုပ်ငန်းများနှင့် မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျေးရွာနေပြည်သူများ လွယ်ကူစွာသွားလာနိုင်ရေးအတွက် အုတ်ဖို-နောင်ကက်ကျေးရွာချင်းဆက် မြေသားလမ်းအရှည်ပေ ၅၂၈၀၊ အကျယ်၁၂ပေကို စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၁၁၂၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်လျက်ရှိသည်။

ရာသီမရွေးသွားလာနိုင်

ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်နေမှုကို တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော့မောင်မောင်တို့က မတ် ၂ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ အုတ်ဖို-နောင်ကက် ကျေးရွာချင်းဆက် မြေသားလမ်းသည် တမူး-စေတီကားလမ်းမကို ဆက်သွယ်ခြင်းဖြစ်သည့်အတွက် ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

မတ် ၇ရက်က ပြည်မြို့နယ် နဝင်း-တီတွဒ်ကျေးလက်လမ်းချဲ့ခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် အင်ဂျင်နီယာမှူး ဦးစိုးသန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

တပ်မတော်နေ့ဂုဏ်ပြု တောင်ငူမြို့တွင် နှစ်လက်မစက်ရေတွင်းဖွင့်

ကျေးရွာပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိပြီ

တောင်ငူ မတ် ၃၀

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စည်ပင် သာယာရေး ဘဏ်လှူဒါန်းငွေဖြင့် ဆောင်ရွက်ခဲ့သော ဆိပ်ဖူးတောင်ကျေးရွာအုပ်စု သပြေလှကျေးရွာ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကို မတ် ၂၀ရက်က ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကိုကိုနိုင်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

သောက်သုံးရေဖူလုံ

အဆိုပါစက်ရေတွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စည်ပင်သာယာရေးဘဏ် လှူဒါန်းငွေ ကျပ်လေးသိန်းရှစ်သောင်းလေးထောင်နှင့် ကျေးရွာ ပြည်သူများ ထည့်ဝင်ငွေကျပ်တစ်သိန်းတို့ဖြင့် ဆောင်ရွက်ခဲ့ရာ ရေတွင်းမှာ တစ်နာရီရေဂါလန် ၈၀၀ ခန့် ထွက်ရှိပြီး ကျေးရွာပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ပဲခူးတိုင်း သနပ်ပင်မြို့ ကျက်သရေဆောင် ဆုတောင်းပြည့် အောင်ချမ်းသာ ဘုရားကြီး၏ (၈၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၊ ဘုရားဘုံ ဆောင်အသစ် ဖွင့်ပွဲနှင့် ဆွမ်းကြီးလောင်းလှူပွဲ အခမ်းအနားကို မတ် ၂၄ ရက် (တပေါင်းလပြည့်နေ့)က ဆုတောင်းပြည့် အောင်ချမ်းသာဘုရားကြီးမုခ်ဦးတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ဆုတောင်းပြည့် အောင်ချမ်းသာဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၃၄၇)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု အင်္ဂပူမြို့နယ် ကျေးလက်ရေပေးရေးနှင့်ကျောက်ချောလမ်းဖွင့်

အင်္ဂပူ မတ် ၃၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စည်ပင်သာယာရေးဘဏ္ဍာလှူဒါန်းငွေဖြင့် တူးဖော်ဆောင်ရွက်ပြီးစီးခဲ့သော အင်္ဂပူမြို့နယ် မိုးကောင်းကွင်းကျေးရွာ မူလတန်းကျောင်း ကျေးလက်ရေပေးရေး ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက်က အဆိုပါ စက်ရေတွင်း မုခ်ဦးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်စိုးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးငွေးဝင်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကျေးလက်ကျောက်ချောလမ်း

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မဲဇလီကုန်း-တုံးတူလမ်းကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၂၆ ရက် မွန်းလွဲပိုင်းက အဆိုပါလမ်းရှိ မုခ်ဦး၌ ကျင်းပသည်။ ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကား ပြောကြားပြီး တာဝန်ခံအင်ဂျင်နီယာ ဦးလှဦးက လမ်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားတွင် မဲဇလီကုန်း-တုံးတူလမ်းအား မြို့နယ် ဥက္ကဋ္ဌ ဦးသစ်လွင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးငွေးဝင်းအောင်နှင့် မြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး ကြသည်။

(အောက်ပုံ)

အဆိုပါ လမ်းမှာ အရှည် ၂မိုင်၊ အကျယ်၈ပေ ရှိပြီး နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀၈သိန်းဖြင့် ဆောင်ရွက်ခဲ့သည်။ မဲဇလီကုန်း-တုံးတူလမ်း ဖွင့်လှစ်နိုင်ခဲ့သဖြင့် မဲဇလီကုန်း၊ ထူးကြီးညောင်ကျိုးကျေးရွာများသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီး ကျေးရွာပေါင်း၅၀ကို လမ်းပန်းဆက်သွယ်ရေး အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ကျောက်ဖြူတွင်ကျင်းပ

ကျောက်ဖြူ မတ် ၃၁

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကို မတ်၂၅ရက်က ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်က အမှာစကား ပြောကြားသည်။

(အောက်ပုံ)

အခမ်းအနားတွင် ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းစံအောင်က ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်ထံမှ ပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားပြီး တီဘီရောဂါ တိုက်ဖျက်ရေးဆရာဝန် ဒေါ်ခင်နှင်းဆက်က တီဘီရောဂါအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တီဘီရောဂါဝေဒနာရှင်များက အိမ်အရောက် ဆေးတိုက်ကျွေးကြသော လူမှုရေးအသင်းအဖွဲ့များမှ စေတနာ့ဝန်ထမ်းများအား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ



ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်

မန္တလေး မတ် ၃၀

မန္တလေးမြို့ ဟွန်ဒါ(မြန်မာ)နှင့် ဂရိတ်ဝေါလ်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်-ဒေါ်နန်းလှစိန်တို့၏ ဦးတင်မောင် ပညာသင်ဆု ၂၀၀၅ခု ပညာသင်နှစ်အတွက် ပညာသင်ဆုချီးမြှင့်ပွဲနှင့် သီးခြား ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၂၀ရက် မွန်းလွဲ ၁နာရီက ကုမ္ပဏီရုံးခန်းတွင် ကျင်းပသည်။

ရှေးဦးစွာ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်က အဖွင့်အမှာစကားပြောကြားပြီး ကော်မတီဝင် ပါမောက္ခချုပ် (ငြိမ်း)ဦးလူနီက ဦးတင်မောင် ပညာသင်ဆုနှင့် သီးခြား ပညာသင်စရိတ် ထောက်ပံ့ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ၂၀၀၅ခု ပညာသင်နှစ်အတွက် ပထမအသုတ်အဖြစ် ချီးမြှင့်ခံရသော မန္တလေးနှင့် မကွေးဆေးတက္ကသိုလ်မှ ကျောင်းသူ၊ကျောင်းသား ၁၉ဦးနှင့် တက္ကသိုလ်၊ကောလိပ် အသီးသီးမှသီးခြားပညာသင်စရိတ်ထောက်ပံ့ခြင်းခံရသော ကျောင်းသား ၁၀ဦးတို့အား ဥက္ကဋ္ဌ ဦးတင်မောင်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အထက်မြန်မာပြည်) ဒုတိယဗိုလ်မှူးကြီး ဝင်းထိန်နှင့် ပါမောက္ခချုပ် (ငြိမ်း) ဦးလူနီတို့ကပညာသင်ဆုချီးမြှင့်ငွေ စုစုပေါင်း ငွေကျပ် ၃၀၇၀၀၀၀ ကို ပေးအပ်ချီးမြှင့်ကြသည်။

(အောက်ပုံ) (က-ပ)

ရာသက်ပန် သွေးလှူရှင်များ ဘိုကလေး၌ဂုဏ်ပြု

ဘိုကလေး မတ် ၃၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘိုကလေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် ရာသက်ပန် သွေးလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို မတ်၁၅ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်လက်ထောက်ဆရာဝန် ဒေါ်ချောချောနိုင်က သွေးလှူဒါန်းခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလှငွေးက သွေးလှူရှင်ဂုဏ်ပြုမှတ်တမ်းနှင့် အမည်စာရင်းကို မြို့နယ်ဆရာဝန် ဒေါ်ငွေးငွေးနိုင်အား ပေးအပ်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အကြိမ်(၅၀)အထက် ရာသက်ပန် သွေးလှူရှင်ခြောက်ဦးကို ဂုဏ်ပြုငွေနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ယာပုံ) (မြို့နယ် ပြန်/ဆက်)

ကွင်းဆင်းကြီးကြပ်

မတ်၁၂ရက်က ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ကုန်-စစ်တွေကားလမ်းမကြီးနှင့် မြစ်နားရွာကို ဆက်သွယ်ထားသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလမ်း အရှည်ပေ ၄၀၀၀၊ အကျယ်၁၂ပေရှိ ကျောက်ချောလမ်းအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဘုန်းမောင်ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မိုင်းယောင်းမြို့နယ်၌ ကျောက်ချောလမ်းသစ်ဖွင့်

မိုင်းယောင်း မတ် ၃၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိုင်းယောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်ပေးခဲ့သော ဖိုးရာဇာလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ်၁၈ရက် နံနက်၈ နာရီက အဆိုပါ ကျောက်ချောလမ်းသစ် မုခ်ဦး၌ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ဖိုးရာဇာကျောက်ချောလမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးထွန်းညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆောင်ရွက်ခဲ့

အဆိုပါ ဖိုးရာဇာ ကျောက်ချောလမ်းသစ်သည် အရှည် ၁၂၂၅ ပေ၊

အကျယ်၁၂ပေရှိပြီး မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၅၇သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။**(နယ်စပ်/စည်ပင်)**





၂၀၀၅ခုနှစ် မဟာသင်္ကြန်အထူးအစီအစဉ်

စခန်းသာ (ရန်ကုန်ဘူတာကြီး)မှ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မိတ်ဟောင်း၊ မိတ်သစ်များအားလုံး အဆင်ပြေပျော်ရွှင်စွာ စားသုံးနိုင်ရေးအတွက် မန္တလေး တူးတူး မြန်မာထမင်းဆိုင်နှင့်အတူ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးမျိုးစုံ၊တရုတ် စားသောက်ဖွယ်ရာ အစုံစုံတို့ဖြင့် နံနက် ၁၀း၀၀နာရီမှ ၁၇း၀၀နာရီအထိ ဖွင့်လှစ်ရောင်းချပေးပါမည်။

သင်္ကြန်မဏ္ဍပ်များအတွက်လည်း မြန်မာထမင်းဟင်း၊ ဒံပေါက်၊ ထမင်းကြော်၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော် စသည်တို့ကိုလည်း အော်ဒါစနစ်ဖြင့် ကြိုတင်ဆက်သွယ်မှာကြားနိုင်ပါသည်။

(အော်ဒါများကို မဏ္ဍပ်အရောက်ပို့ပေးပါမည်။)

ကျေးဇူးတင်စွာဖြင့်
စခန်းသာမိသားစု၊ ရန်ကုန်ဘူတာကြီး
ဖုန်း-၂၄၉၅၁၈၊ ၂၄၉၅၁၉၊ ၂၅၃၀၁၁၊၀၉-၈၀-၂၂၃၈၈။

မော်လမြိုင်မြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ၂၀၀၅ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော မွန်ပြည်နယ် ၁၀ မြို့နယ်မှ ဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၅ ရက်က ရွှေတိဂုံဘုရားအနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများက စုပေါင်း ပူဇော်ပွဲ ကျင်းပစဉ်။ (မြန်မာ့အလင်း)

တိုက်ကြီးမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမတွင် တပ်နယ်နှင့်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ တို့ ဦးဆောင်၍ မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင် တိုက် များ သို့ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ပဲနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပွဲကို မတ်၂၆ရက်က ကျင်းပရာ တပ်နယ်မှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများကို သံဃာတော်များအား ဆက်ကပ်လှူဒါန်းစဉ်။ (မြို့နယ်ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ မင်းလှဆေးရုံ၌ ကျင်းပ

မင်းလှ မတ် ၃၀

ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့နယ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေး အခမ်းအနားကို မတ်၂၄ရက် မွန်းလွဲ ၁နာရီက မင်းလှမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

သဝဏ်လွှာဖတ်ကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်အေးရီက ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို ဖတ်ကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ၂၀၀၄ခုနှစ် အကောင်းဆုံးအခြေခံကျန်းမာရေး ဝန်ထမ်းသုံးဦးကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းဦး၊ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်အေးရီနှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးမြင့်တို့က ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(က-ပ)**

မိုင်းဖြတ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး လူငယ်လူရွယ်များပညာပေးဟောပြောပွဲကျင်းပ

မိုင်းဖြတ် မတ် ၃၀

မိုင်းဖြတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ လူငယ်လူရွယ်များပညာပေးဟောပြောပွဲကို မတ်၂၅ရက် မွန်းလွဲ ၁နာရီက ဘုရင့်နောင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျိုင်းတုံနည်းပညာကောလိပ်မှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာဇော်နိုင်က အင်ဂျင်နီယာအခြေခံနည်းပညာ သင်တန်းနှင့် ပတ်သက်၍လည်းကောင်း၊ကထိက ဦးနောင်ချိုဝင်းကလျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာနနှင့် ပတ်သက်၍ လည်းကောင်း၊ ကထိက ဦးသန်းဇော်ဦးက လျှပ်စစ်အင်ဂျင်နီယာဌာနနှင့်ပတ်သက်၍လည်းကောင်း၊လက်ထောက်ကထိကဦးအောင်တင်ဖြိုးထွန်းက (CNC)အင်ဂျင်နီယာဌာနနှင့် ပတ်သက်၍ လည်းကောင်း၊ သရုပ်ပြဆရာမ ဒေါ်ဖြိုးသူခိုင်မျိုးညွှန့်က မြို့ပြအင်ဂျင်နီယာဌာနနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေအိမ်က အမျိုးသမီးရေးရာအဖွဲ့နှင့်ပတ်သက်၍အစည်းအဝေးအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား မြဝတီမြို့၌ကျင်းပ

မြဝတီ မတ် ၃၁

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မြဝတီခရိုင်မြဝတီမြို့ရှိသောင်ရင်းခန်းမ၌မတ်၂၄ရက် နံနက်၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦး တက်ရောက် အမှာစကားပြောကြားပြီး၂၀၀၅ခုနှစ်ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အတွက်ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို မြဝတီ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ညွှန့်က ဖတ်ကြားသည်။

အခမ်းအနားသို့ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ ကော်မတီဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ရပ်မိ ရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။ **(က-ပ)**

မတ် ၅ရက်က မြစ်ကြီးနားမြို့ မြို့မ ဈေးကြီး မီးဘေး လုံခြုံရေး အတွက် ဈေးနှင့် သား သတ် ဌာန စိတ်မှ ဒုတိယ ဦးစီးမှူး (ဈေး) နှင့် ဝန်ထမ်းများ၊ ဈေး အရန် မီးသတ် တပ်ဖွဲ့ဝင်များက မီး သုံးစွဲမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

အမှတ် ၄၈၈၊ ဒုတိယထပ် ခေမာသီရိလမ်း မေတ္တာညွန့်ရပ်ကွက် တာမွေ မြို့နယ်နေ ဦးနေမျိုးထွေး-ဒေါ်ဝါဝါရွှေမိသားစုက အလှူငွေကျပ်တစ်သိန်း ကို ဗြဟ္မဝိဟာရစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်း မြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

လမ်းညွှန်မှာကြား

ဧပြီ ၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မြိတ်မြို့ အစိုးရနည်းပညာကောလိပ် တည်ဆောက်မည့်နေရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားစဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုပ်ရဟန်းမင်းကြီးကွယ်လွန်ခြင်း ဝမ်းနည်းသဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက် ဂျွန်ပေါလ် ၂၀၀၅ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာကို His Eminence Cardinal Joseph Ratzinger, Dean of The Sacred College, Congregation for the Doctrine of Faith, Vatican City ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် (Chief of General Staff) Senior Lieutenant General, Phung Quang Thanh နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ●

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် (Chief of General Staff) Senior Lieutenant General, Phung Quang Thanh နှင့် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး